# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဩဂုတ်လ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၃၀)၊ ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်၊ ၂၆-၇-၂၀၂၆၊ တနင်္ဂနွေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အင်တာနက်ဝန်ဆောင်မှု ပျက်ကွက်ပါက ဥပဒေအရ အရေးယူမည်

ရန်ကုန် ဇူလိုင် ၂၅

ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလိုင်စင်ရရှိထားသည့် အင်တာနက်ကုမ္ပဏီများအနေဖြင့် ဝန်ဆောင်မှုပျက်ကွက်ပါက သုံးစွဲသူပြည်သူများမှ တိုင်ကြားနိုင်ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇူလိုင် ၂၄ ရက်က ကျင်းပခဲ့သည့် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့တွင် လှိုင်သာယာ(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးချမ်း၏ အင်တာနက်ဝန်ဆောင်မှုပေးသူများ၏ စွမ်းဆောင်ရည်စစ်ဆေးထုတ်ပြန်ပေးရေးနှင့်

စာမျက်နှာ ၄ သို့

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၂၅

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

# မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့်ပြပွဲ -၂၀၂၆ ဖွင့်ပွဲအခမ်းအနားကျင်းပ

## မြန်မာနိုင်ငံအနေဖြင့် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းများ တိုးတက်လာစေရန် စနစ်တကျမြှင့်တင်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၅

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းနှင့် ပူးပေါင်း၍ ကျင်းပသည့် မြန်မာ့ရိုးရာ အစားအစာပြိုင်ပွဲနှင့်ပြပွဲ-၂၀၂၆ (Tastes of the Golden Land-2026) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်စိုး၊ ဦးထွန်းအုံနှင့် ဦးမောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစားသောက်ဆိုင် လုပ်ငန်းရှင်များ

စာမျက်နှာ ၃ သို့



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့်ပြပွဲတွင် ပြသထားသည့် ပြခန်းများနှင့် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

## ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် ထောက်ပံ့ပစ္စည်းများ ကလေးမြို့သို့ ရောက်ရှိ



မွန်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် ထောက်ပံ့ပစ္စည်းများ ကလေးမြို့သို့ ရောက်ရှိစဉ်။

ဟားခါး ဇူလိုင် ၂၅

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းကဏ္ဍအလိုက် ဌာန/အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပါဝင်ဖွဲ့စည်းထားသည့် ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီအဖွဲ့ဝင်များသည် ချင်းပြည်နယ်သို့ အလှည့်ကျသွားရောက်၍ ချင်းပြည်နယ်အစိုးရအဖွဲ့နှင့်အတူ သက်ဆိုင်ရာ နယ်မြေဒေသများအရောက် ကွင်းဆင်းကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

ယနေ့တွင် ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့က ပေးပို့ထောက်ပံ့သော ခေါက်ဆွဲခြောက်နှင့် စားသောက်ကုန်ခြောက်မျိုးစုံပါ အထုပ် ၁၃၂ ထုပ်၊

စာမျက်နှာ ၄ သို့


## ယနေ့ ဖတ်စရာ အညွှန်း


အင်တာနက် စီမံခန့်ခွဲရေးဆိုင်ရာ ပြင်ဆင်ချက်မူကြမ်းအရ ဗီယက်နမ်၌ ၁၆ နှစ်အောက် လူမှုကွန်ရက် ပိတ်ပင်မည် — စာမျက်နှာ ၈

ဂရစ်ဇ်မန်း ပရိုကစားသမားဘဝတစ်လျှောက် ကလပ်သွင်းဂိုး ၃၀၀ ပြည့်မြောက် — စာမျက်နှာ ၁၁

စကားပြောသော ထန်းပင်များ (ဆောင်းပါး) — စာမျက်နှာ ၁၄


## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်



နေပြည်တော် ဇူလိုင် ၂၅

ယနေ့ ညနေ ၃ နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက်နှစ်ရက်အတွင်း ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရပါသည်။

မိုး/ဓလ

၂၀၂၆ ခုနှစ်၊ ဇူလိုင် ၂၆ ရက်၊ တနင်္ဂနွေနေ့။

မန္တလေးနေ့စဉ်

# MSME ဒီဂျစ်တယ် ချေးငွေလျှောက်ထားခြင်းဆိုင်ရာ အက်ပလီကေးရှင်း တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိ

MSME ဒီဂျစ်တယ်ချေးငွေလျှောက်ထားခြင်းဆိုင်ရာ အက်ပလီကေးရှင်း(MSME Digital Lending Application)သည် လုပ်ငန်းရှင်များအတွက် ငွေကြေးအရင်းအနှီးလိုအပ်ချက်ကို အချိန်တိုအတွင်းမြန်ဆန်စွာဖြည့်ဆည်းပေးနိုင်မည့် အဓိကပေါင်းကူးတံတားတစ်ခုဖြစ်လာမည်ဖြစ်သည်။

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကလိုအပ်ချက်များစွာရှိသည့်အနက် ငွေကြေးအရင်းအနှီးများ လွယ်ကူမြန်ဆန်စွာလက်ဝယ်ရောက်ရှိရေးသည် မရှိမဖြစ်လိုအပ်သော အသက်သွေးကြောတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ခေတ်မီနည်းပညာဒီဂျစ်တယ်စနစ်အသုံးပြုပြီးစာရွက်စာတမ်းအနည်းဆုံးဖြင့် စိစစ်နိုင်မည့် Paperless စနစ်သို့မဖြစ်မနေကူးပြောင်းအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခု MSME Digital Lending Application ကို အကောင်အထည်ဖော်အသုံးပြုခြင်းဖြင့်ယခင်က ရက်သတ္တပတ်ပေါင်းများစွာ(သို့မဟုတ်) လပေါင်းများစွာကြာမြင့်ခဲ့သည့် စိစစ်မှုလုပ်ငန်းစဉ်များကို အချိန်တိုအတွင်း မိနစ်ပိုင်း(သို့မဟုတ်)ရက်အနည်းငယ်အတွင်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဇူလိုင် ၂၃ရက် မွန်းလွဲပိုင်းတွင် စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ကျင်းပသည့် MSME ဒီဂျစ်တယ်ချေးငွေလျှောက်ထားခြင်းဆိုင်ရာ အက်ပလီကေးရှင်း(MSME Digital Lending Application) တည်ဆောက်နိုင်ရေးညှိနှိုင်းဆွေးနွေးပွဲ၌ ပြောကြားသည်။

အစည်းအဝေးတွင် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်အသီးသီးမှတာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်(MCF)၊ မြန်မာနိုင်ငံဒီဂျစ်တယ်စီးပွားရေးဆိုင်ရာလုပ်ငန်းရှင်အသင်း(MDEA)နှင့် အသင်းအဖွဲ့များမှဘာသာရပ်ဆိုင်ရာပညာရှင်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကာ MSME ဒီဂျစ်တယ်ချေးငွေအက်ပလီကေးရှင်း အကောင်အထည်ဖော်ရေး၊ Digital Application ၏ Scope သတ်မှတ်ခြင်း၊ အချက်အလက် ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ Data အချက်အလက်လုံခြုံရေး၊ နည်းပညာစံနှုန်းများနှင့် ဒေသန္တရအခန်းကဏ္ဍပိုင်းတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို မြှင့်တင်ရာတွင် ဒေသအလိုက် ထွက်ကုန်များကို အခြေခံသော အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များ ထူထောင်လုပ်ကိုင်ရန် အားပေးလျက်ရှိသကဲ့သို့ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်လာစေရန်အတွက် MSME ဒီဂျစ်တယ်ချေးငွေလျှောက်ထားခြင်းဆိုင်ရာအက်ပလီကေးရှင်း တည်ဆောက်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

# မုံရွာမြို့ မြို့တော်ခန်းမတွင် ဝါဆိုသင်္ကန်းကပ်ပွဲ ကျင်းပ

**မုံရွာ ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ မြို့တော်ခန်းမတွင် ယနေ့ နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဆောင်ကျင်းပသော ဝါဆိုသင်္ကန်းကပ်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်ကြီးများ တိုင်းဒေသကြီးသံဃနာယက(ရွှေကျင်၊ သုဓမ္မာ)ဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကအဖွဲ့ (ရွှေကျင်၊ သုဓမ္မာ )ဆရာတော်များ၊ မုံရွာမြို့ စာသင်တိုက်အသီးသီးမှ ဆရာတော်ကြီး ၂၇ ပါးနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် အမှူးပြုသော ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာဒကာ အသင်းအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားအပြီးတွင် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်၍ ဧည့်သည်တော်များအား နံနက်စာ ထမင်းများဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

(၃၉၄)

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ

# ဥပဒေအသိပညာ ပြန့်ပွားရေး ဆရာဖြစ်သင်တန်း TOT သင်တန်းဆင်း

**မန္တလေး ဇူလိုင် ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဥပဒေရေးရာဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၏ ကြီးကြပ်မှုဖြင့် ချမ်းအေးသာစံမြို့နယ်ဥပဒေရုံးက ဖွင့်လှစ်သော ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်း TOT သင်တန်းဆင်းပွဲကို အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ချမ်းအေးသာစံမြို့နယ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးလှိုင်ထက်ကျော်က သင်တန်းတွင် ပို့ချခဲ့သော ဥပဒေဘာသာရပ် ၁၁ မျိုးနှင့်ပတ်သက်၍ မေးမြန်းသည်များကို ဖြေကြားခဲ့ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ဥပဒေအသိပညာ ပြန့်ပွားရေး ဆရာဖြစ်သင်တန်း TOT ကာလကို ဇူလိုင် ၂၀ ရက်မှ ဇူလိုင် ၂၄ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့သည်။

သင်တန်းဆင်းပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးလှိုင်ထက်ကျော်၊ မြို့နယ်အတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်**

ဝ-ဝ-ဝ-ဝ-ဝ

# သပိတ်ကျင်းမြို့နယ်၌ မြို့သန့်ရှင်းရေး စဉ်ဆက်မပြတ်ဆောင်ရွက်

**သပိတ်ကျင်း ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ သပိတ်ကျင်းမြို့နယ်တွင် သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်၍ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၇ နာရီက ကဘဲ့ရပ်ကွက်၊ ဘုရင့်နောင်လမ်း တစ်လျှောက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

သပိတ်ကျင်းခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကဘဲ့ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများစုပေါင်း၍ မြို့ဝင်ပန်းခြံမှ ပြည်သူ့ဆေးရုံ တစ်လျှောက်ရှိ အပင်ကြီးများ၊ ချုံနွယ်များ ၊ ပေါင်းမြက်များ၊ အမှိုက်သရိုက်များနှင့် သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခဲ့ကြသည်။

သန့်ရှင်းရေးဆောင်ရွက်ရာသို့ သပိတ်ကျင်းခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လာရောက်ကြီးကြပ်ပေးခဲ့ပြီး စုစုပေါင်းအင်အား ၂၀၀ ဦးပေါင်း ပါဝင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

# မြို့လှမြို့မှ အသက် ၁၁၈ နှစ်အရွယ် အဘွားအား ကန်တော့ငွေနှင့် ဖြည့်စွက်အာဟာရများ ထောက်ပံ့လှူဒါန်း

**ရေတာရှည် ဇူလိုင် ၂၅**

မြို့လှမြို့မှ အသက်(၁၁၈) နှစ်အရွယ်အဘွား ဒေါ်ခင်မြင့်(ခ) ဒေါ်ဖာတမာ အား ကန်တော့ငွေနှင့် ဖြည့်စွက်အာဟာရများ ထောက်ပံ့လှူဒါန်းခြင်းကို မန္တလေးမြို့မှ လမ်းပြသူ ဗဟို-မြန်မာ အသင်းအဖွဲ့ကြီးမှ ဇူလိုင် ၂၃ ရက်က သွားရောက် ထောက်ပံ့ပေးခဲ့သည်။



အဆိုပါထောက်ပံ့လှူဒါန်းမှုကို မန္တလေးမြို့၊ လမ်းပြသူဗဟို-ဗဟို အသင်းအဖွဲ့မှ အမှုဆောင်အဖွဲ့ဝင်များသည် မြို့လှမြို့မှ အဘွား ဒေါ်ခင်မြင့်(ခ)ဒေါ်ဖာတမာထံ အိမ်တိုင်ရာရောက် သွားရောက်ခဲ့ပြီး ထောက်ပံ့ငွေကျပ်ငါးသိန်းနှင့် ဖြည့်စွက်အာဟာရခြင်းတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ မြို့လှမြို့၊ ချောင်းမကြီး(၂)တွင် နေထိုင်သည့် အဘွား ဒေါ်ဖာတမာသည် ယခုအခါ အသက်(၁၁၈)နှစ်ရှိသည်ဟု မိသားစုနှင့် ရပ်ကွက်အုပ်ချုပ်ရေးတာဝန်ရှိသူများက ပြောကြားထားပြီး မိသားစုထံတွင် သိမ်းဆည်းထားသည့် နိုင်ငံသားစိစစ်ရေးမှတ်တမ်း၊ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံတော်မှ ပေးအပ်ခဲ့သည့် အသက်(၁၀၆)နှစ်ပြည့် ဂုဏ်ပြုလက်မှတ်တို့ကလည်း ယင်းအချက်ကို ထောက်ခံလျက်ရှိသည်။

မိသားစု၏ ပြောကြားချက်အရ အဘွားဒေါ်ဖာတမာသည် မြန်မာသက္ကရာဇ် ၁၂၇၀ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်တွင် မွေးဖွားခဲ့ပြီး ယခုနှစ်တွင် အသက် (၁၁၈)နှစ်ပြည့်မြောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**ရွှေမန်း**

ဝ-ဝ-ဝ-ဝ-ဝ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၂၀၃၅၈၃၈
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

အမိန့်အမှတ် ၆၁ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်

( ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် )

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၉) တို့အရ ဒေါက်တာသောင်းနိုင် အား ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

INTERNATIONAL YOUTH DAY

2026 DIFFERENT CONTEXTS, COMMON ASPIRATIONS

## ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ဆောင်ပုဒ်

**2026 International Youth Day**

**“ နောက်ခံမတူပြား၊ ရည်မှန်းတူထား၊ လူငယ်အား ”**

**“ Different Contents, Common Aspirations ”**

❖ *ရှေ့ဖုံးမှ*

အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်များ၊ ပြိုင်ပွဲဝင် အချက်အပြုတ် ပညာရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ကပြဖျော်ဖြေ**

ဦးစွာ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "စားဖွယ်စုံလင် ပြည်တစ်ခွင်" သီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် မြန်မာ့ရိုးရာ အစားအစာပြိုင်ပွဲနှင့် ပြပွဲကြီးသည် မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှုတစ်ခုဖြစ်သည့် မြန်မာ့ရိုးရာ အစားအသောက်များကို နိုင်ငံတကာ အဆင့်မီ တည်ခင်းဧည့်ခံနိုင်ရန်၊ မြန်မာ့ရိုးရာ အစားအစာများကို ကမ္ဘာ့အလယ်တွင် ပိုမိုထင်ရှားကျော်ကြားလာစေရန်နှင့် မြန်မာ့ရိုးရာအစားအစာများကို အခြေခံပြီး နိုင်ငံတကာခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေး မြှင့်တင်ဆွဲဆောင်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပသော အနက်အဓိပ္ပာယ်ရှိလှသည့် ပြိုင်ပွဲနှင့်ပြပွဲကြီးဖြစ်ကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးက မိမိနိုင်ငံ၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့် သမိုင်းကြောင်းအစဉ်အလာများကို ဖော်ပြရာတွင် ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့် အနုပညာ၊ စာပေ၊ ဝတ်စားဆင်ယင်မှုများအပြင် အစားအသောက်ဆိုင်ရာ ယဉ်ကျေးမှု (Food Culture) သည်လည်း အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်နေကြောင်း၊ မိမိတို့နိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်သည့် ပြည်ထောင်စုကြီးဖြစ်သည်နှင့်အညီ ဒေသအလိုက်၊ တိုင်းရင်းသားလူမျိုးစုများအလိုက် မတူကွဲပြားသည့် ယဉ်ကျေးမှု ဓလေ့ထုံးစံများရှိသကဲ့သို့ ထူးခြားပြီး အရသာရှိလှသည့် ရိုးရာအစားအစာများကို ပိုင်ဆိုင်ထားသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ထူးခြားပြီးဆွဲဆောင်မှုရှိသည့် မြန်မာ့ရိုးရာအစားအစာများကို နိုင်ငံအတွင်းမှာသာမက ကမ္ဘာကသိအောင် ဖော်ထုတ်ပြီး မြှင့်တင်ဆောင်ရွက် နိုင်မည်ဆိုပါက မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့် ပြပွဲ -၂၀၂၆ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**ရိုးရာအစားအစာများ ဖော်ထုတ်မြှင့်တင်**

ဒေသအလိုက် ရိုးရာအစားအသောက်များသည် ခရီးသွားများ၏ ခရီးစဉ်ရွေးချယ်မှုတွင် အရေးပါသည့် အစိတ်အပိုင်းတစ်ခုဖြစ်လာကြောင်း၊ ယနေ့ကာလတွင် အစားအသောက်ကို အကြောင်းပြုပြီး သွားလာလည်ပတ်သည့် ခရီးသွားလုပ်ငန်း တစ်နည်းအားဖြင့် Gastronomy Tourism သည် အရှိန်အဟုန်ဖြင့် တိုးတက်လာသည့်ခရီးသွားလုပ်ငန်းအမျိုးအစားတစ်ခုဖြစ်လာသည်ကို တွေ့ရကြောင်း၊ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းသည် အလျင်အမြန် တိုးတက်လာသည်နှင့်အမျှ ကမ္ဘာ့နိုင်ငံများသည်လည်း မိမိတို့နိုင်ငံ၏ ပုံရိပ်မြှင့်တင်ရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရိုးရာအစားအစာများကို ထိရောက်စွာ ဖော်ထုတ်မြှင့်တင်ဆောင်ရွက်လျက် ရှိကြောင်း၊ ထို့ကြောင့် မိမိတို့မြန်မာနိုင်ငံတွင်လည်း နိုင်ငံနှင့်ယှဉ်တွဲပြီး သိစေနိုင်မည့် အစားအစာများကို ဖော်ထုတ်မြှင့်တင်ဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့နိုင်ငံ အနေဖြင့်လည်း ထင်ရှားကျော်ကြားသည့် မြန်မာ့လက်ဖက်၊ ထမနဲ စသည့် ရိုးရာအစားအစာများကို ကမ္ဘာကသိရှိပြီး UNESCO က အသိအမှတ်ပြုခံရသည့် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်ဖြစ်အောင် ကြိုးစားဆောင်ရွက်နေသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာခြင်းသည် မိမိတို့ဒေသ၏ ရိုးရာအစားအစာများကို ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ရာ ရောက်သကဲ့သို့ ဟိုတယ်များ၊ စားသောက်ဆိုင် လုပ်ငန်းများသာမက စိုက်ပျိုးမွေးမြူရေးနှင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအတွက်လည်း တိုက်ရိုက် အကျိုးကျေးဇူးရရှိစေနိုင်မည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် အခြေခံလူတန်းစားများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးရာလည်းရောက်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းများ တိုးတက်လာစေရန် စနစ်တကျ မြှင့်တင်ဆောင်ရွက်ကြရန်အတွက် ယခုကဲ့သို့ မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့် ပြပွဲကို စီစဉ်ကျင်းပရခြင်းလည်းဖြစ်ကြောင်း။

မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့် ပြပွဲများမှတစ်ဆင့် မြန်မာ့ရိုးရာအစားအစာများကို နိုင်ငံတကာအဆင့်မီ အရသာရှိရှိ ချက်ပြုတ်ပြီး သန့်သန့်ရှင်းရှင်း၊ ဖွယ်ဖွယ်ရာရာ တည်ခင်းဧည့်ခံနိုင်ရန် ပြင်ဆင်တင်ဆက်မှုများ၊ စားဖိုမှူးများ၏ တီထွင်ဖန်တီးမှုများကို ဖော်ထုတ်မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ စိတ်ဝင်စားစရာကောင်းသည့် မြန်မာ့ရိုးရာအစားအစာများကတစ်ဆင့် မြန်မာနိုင်ငံကို နိုင်ငံတကာခရီးသွားများ ပိုမိုသိရှိပြီး လာရောက်လည်ပတ်စေရန်အတွက် အထောက်အကူပြုဆွဲဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ယခု ပြိုင်ပွဲနှင့်ပြပွဲ အစီအစဉ်ကို မြန်မာနိုင်ငံ၏စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်၌ နှစ်ရက်တိုင်တိုင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာ အစားအစာများကို နိုင်ငံတကာအဆင့်မီ ချက်ပြုတ်တည်ခင်းဧည့်ခံနိုင်ရန် ပြိုင်ပွဲပြုလုပ်ရုံသာမက တိုင်းဒေသကြီးနှင့်ပြည်နယ်များက ဒေသထွက် အစားအစာများ၊ ကော်ဖီ၊ လက်ဖက် စသည့် ထုတ်ကုန်များကိုပါ တစ်နေရာတည်းတွင် ဝယ်ယူ စားသောက်နိုင်အောင် စီစဉ်ထားသည်ကို တွေ့ရှိရကြောင်း၊ အခမ်းအနားတက်ရောက်လာကြသူများအနေဖြင့် မြန်မာ့ရိုးရာ အစားအစာများ၏ ထူးခြားသည့် အရသာ၊ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုတန်ဖိုးများကို သိရှိခံစားနိုင်မည့် အခွင့်အရေးကောင်းတစ်ရပ် ဖြစ်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ ရှေ့ဆက်လက်ပြီး မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့စီးပွားအတွက် အထောက်အပံ့ကောင်းများ ရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က မြန်မာ့ရိုးရာ အစားအစာပြိုင်ပွဲနှင့်ပြပွဲ -၂၀၂၆ အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အခမ်းအနားဖြစ်မြောက်အောင် Main Sponsor၊ Gold Sponsor နှင့် Silver Sponsor အဖြစ် ပံ့ပိုးကူညီပေးခဲ့ကြသည့် လုပ်ငန်းရှင်များကို လည်းကောင်း၊ ပြည်ထောင်စု ဝန်ကြီးများနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က Supporting Partner အဖြစ် ပံ့ပိုးကူညီပေးခဲ့ကြသည့် လုပ်ငန်းရှင်များကိုလည်းကောင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယသမ္မတသည်အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲယှဉ်ပြိုင်နေမှုရုပ်သံကို ကြည့်ရှုအားပေးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ပြခန်းများနှင့် ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတက ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က အကဲဖြတ်ဒိုင်များအား ဂုဏ်ပြုလက်မှတ်များကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုကျင်းပသည့် အခမ်းအနားသည် မြန်မာ့ရိုးရာ အစားအစာများကို နိုင်ငံတကာအဆင့်မီ Fine Dining အသွင်ဖြင့် တင်ဆက်ယှဉ်ပြိုင်ခြင်း၊ ဒေသအသီးသီးမှ ရိုးရာအစားအစာများကို ပြသခြင်း၊ ရောင်းချခြင်း၊ အတွေ့အကြုံများဖလှယ်ခြင်းတို့ကို တစ်နေရာတည်းတွင်လေ့လာကြည့်ရှုဝယ်ယူနိုင်အောင် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပသည့် အခမ်းအနားတစ်ခုဖြစ်ပြီး ပြိုင်ပွဲဝင်အဖွဲ့ ခုနစ်ဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ကာ ပြခန်းပေါင်း ၁၂၀ ပြသရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး အခမ်းအနားဖြစ်မြောက်အောင် ပံ့ပိုးကူညီပေးခဲ့သည့် လုပ်ငန်းရှင်တစ်ဦးအား ဂုဏ်ပြုလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။

# (၁၅)ကြိမ်မြောက် အာဆီယံဥပဒေပညာရှင်အသင်း၏ အထွေထွေညီလာခံနှင့် (၄၇)ကြိမ်မြောက် အာဆီယံဥပဒေပညာရှင်အသင်း အုပ်ချုပ်မှုကောင်စီအစည်းအဝေးတို့သို့ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးနှင့်အဖွဲ့ တက်ရောက်




နေပြည်တော် ဇူလိုင် ၂၅

ထိုင်းနိုင်ငံ အာဆီယံဥပဒေပညာရှင်များအသင်း ဥက္ကဋ္ဌ ထိုင်းနိုင်ငံ တရားလွှတ်တော်ချုပ်၏ သဘာပတိ တရားသူကြီးချုပ် H.E. Mr. Adisak Tantiwong ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ဇူလိုင် ၂၀ ရက်မှ ၂၄ ရက်အထိ ကျင်းပသည့် (၁၅) ကြိမ်မြောက် အာဆီယံဥပဒေပညာရှင်အသင်း၏ အထွေထွေညီလာခံ၊ (၄၇) ကြိမ်မြောက် အာဆီယံဥပဒေပညာရှင်အသင်းအုပ်ချုပ်မှုကောင်စီအစည်းအဝေးနှင့် အာဆီယံဥပဒေရေးရာညီလာခံ ၂၀၂၄ တို့သို့ မြန်မာနိုင်ငံ အာဆီယံဥပဒေပညာရှင်အသင်း၏ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးနှင့် အဖွဲ့ တက်ရောက်သည်။

အခမ်းအနားတွင် အာဆီယံဥပဒေပညာရှင်များအသင်း နာယက H.E. Tun Tengku Maimum binti Tuan Mat ကလည်းကောင်း၊ အာဆီယံဒုတိယ အထွေထွေအတွင်းရေးမှူးချုပ် H.E. Nararya S. Soeprapto ကလည်းကောင်း၊ ထိုင်းနိုင်ငံ အာဆီယံဥပဒေပညာရှင်များအသင်းဥက္ကဋ္ဌ၊ ထိုင်းနိုင်ငံ တရားလွှတ်တော်၏ သဘာပတိ တရားသူကြီးချုပ် H.E. Adisak Tantiwong က လည်းကောင်း အဖွင့်အမှာစကားပြောကြားပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအလိုက် အာဆီယံဥပဒေပညာရှင်များအသင်း ဥက္ကဋ္ဌများ၊ အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များ၊ ဥပဒေရေးရာဝန်ကြီးများနှင့် ဥပဒေပညာရှင်များ တက်ရောက်သည်။

မြန်မာနိုင်ငံ အာဆီယံဥပဒေပညာရှင်အသင်း၏ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဆွေးနွေးပြောကြားရာတွင် အာဆီယံဥပဒေညီလာခံ ၂၀၂၄ ၏ ခေါင်းစဉ်မှာ "ပြည်သူလူထု၊ ကမ္ဘာ၊ လက်တွဲပူးပေါင်းမှု" (People. Planet. Partnership) ဖြစ်ကြောင်း၊ အဆိုပါညီလာခံ၌ အာဆီယံနိုင်ငံများ အလိုက် သရုပ်ပြတရားခွင်ပြိုင်ပွဲများ ကျင်းပခြင်း၊ အာဆီယံ အနုညာတစီရင်ဆုံးဖြတ်ခြင်းတို့အပြင် အာဆီယံ အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် အာဆီယံနိုင်ငံများအကြား လိုက်လျောညီညွတ်မှုရှိစေရေးနှင့် စပ်လျဉ်း၍ စကားဝိုင်းဆွေးနွေးပွဲများကျင်းပခြင်း၊ အာဆီယံဥပဒေပညာရှင်များအသင်းနှင့် အာဆီယံတရားသူကြီးချုပ်များ အစည်းအဝေးအား ပူးတွဲကျင်းပခြင်း၊ ထို့ပြင် ဥပဒေရေးရာခေါင်းစဉ်များအလိုက် ဥပဒေနှင့် လိင်ခွဲခြားမှုမရှိခြင်း၊ ဥပဒေနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဥပဒေနှင့် စီးပွားရေး၊ ဥပဒေနှင့် နည်းပညာ စသည့်ခေါင်းစဉ်များဖြင့် စကားဝိုင်းဆွေးနွေးပွဲများ စသည်တို့ကို ကျင်းပခြင်းဖြစ်ကြောင်း၊ အခမ်းအနားနှင့် စကားဝိုင်းဆွေးနွေးပွဲများအား ကျင်းပခြင်းအားဖြင့် အာဆီယံနိုင်ငံများနှင့် ကမ္ဘာအရပ်ရပ်မှ တရားရေးနှင့် ဥပဒေပညာရှင်များ၊ ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၊ မူဝါဒရေးဆွဲသူများ၊ တက္ကသိုလ်များမှ ဥပဒေရေးရာပညာရှင်များ၊ ဥပဒေကျောင်းသား ကျောင်းသူများအကြား ဥပဒေရေးရာစိန်ခေါ်မှုများ၊ ဥပဒေပြဿနာများကို ပူးပေါင်း၍ ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဥပဒေရေးရာကိစ္စရပ်များတွင် အမြင်ချင်းဖလှယ်၍ ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ်တွင် အာဆီယံဥပဒေပညာရှင်များ အသင်းသို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ အာဆီယံဥပဒေပညာရှင်များအသင်းကို ၂၀၁၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်၊ ၂၀၁၉ ခုနှစ်၊ ၂၀၂၂ ခုနှစ်၊ ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်တို့တွင် မြန်မာနိုင်ငံ အာဆီယံဥပဒေပညာရှင်များအသင်းအား ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က မြန်မာနိုင်ငံ အာဆီယံ ဥပဒေပညာရှင်များအသင်းဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိကာ အာဆီယံဥပဒေပညာရှင်များအသင်း၏ အခမ်းအနားများ၊ အစည်းအဝေးနှင့် အစီအစဉ်များတွင် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံတွင် ရွေးကောက်ခံအစိုးရ၏ ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် ဥပဒေအရာရှိများအား ကျင့်ဝတ်သိက္ခာနှင့်ပြည့်စုံပြီး အများပြည်သူက ယုံကြည်အားထားရသော ဥပဒေအရာရှိများ ဖြစ်စေရန်၊ ဖြောင့်မတ်မှန်ကန်၍ မျှတသော တရားစီရင်ရေး စနစ်ဖြစ်ထွန်းစေရန် ရည်ရွယ်၍ ဥပဒေအရာရှိ ကျင့်ဝတ်နှင့် မျှတသော တရားစီရင်ရေးဆိုင်ရာစံနှုန်းများ ထုတ်ပြန်လိုက်နာ ကျင့်သုံးလျက်ရှိကြောင်း၊ ရှေ့ပြေးဥပဒေရုံးများ (Pilot Law Office)မှ ဆောင်ရွက်လျက်ရှိပြီး တရားဥပဒေစိုးမိုးရေးအတွက် အညွှန်းကိန်းတစ်ရပ်အနေဖြင့် ပြည်သူများ ယုံကြည်ကိုးစားမှုရရှိရန်လည်း အရေးကြီးသဖြင့် "ပြည်သူ့အတွက် တည်ဆောက်လျက် ဥပဒေယုံကြည်ချက်" ခေါင်းစဉ်ဖြင့် မဟာဗျူဟာစီမံကိန်း ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ဒဂုံတက္ကသိုလ်ဥပမိရုပ်ကောင်းမွန်ရေး လှည့်လည်ကြည့်ရှုစစ်ဆေး



ရန်ကုန် ဇူလိုင် ၂၅

ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေး၊ စည်ပင်သာယာရေးဝန်ကြီး ဦးမျိုးမြင့်အောင်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ်သို့ ရောက်ရှိပြီး ဘွဲ့နှင်းသဘင်ရှိ အစည်းအဝေးခန်းမတွင် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများကို တက္ကသိုလ်ဥပမိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး၊ တက္ကသိုလ်အင်္ဂါရပ်နှင့် ညီညွတ်စေရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တက္ကသိုလ်ဝင်းအတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှု၊ ရေစီးမြောင်းများတူးဖော်နေမှု၊ ငမိုးရိပ်ချောင်းသို့ ရေဖောက်ထုတ်နေမှု၊ ဒဂုံတက္ကသိုလ်ဘူတာ၊ ဒဂုံတက္ကသိုလ်၏ သင်ကြားရေးဇုန်၊ စီမံခန့်ခွဲရေးဇုန်၊ လူနေဇုန်၊ အားကစားဇုန်နှင့် စားသောက်ဆိုင်ခန်းများ၊ ပတ္တမြားအဝိုင်း ပြုပြင်ထိန်းသိမ်းမှု၊ ဘောလုံး အားကစားကွင်းများ ပြုပြင်ထိန်းသိမ်းနေမှု၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှု တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မိုးမျိုးတင့် ကို အစမ်းခန့်ကာလ ( ၁ ) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ၂၅-၇-၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၆၉၅၀၀၀၀ ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈ (ကီလိုမီတာ)အတွင်း ယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝ ဖြတ်မမောင်းရ၊ မစီးရ။

**မန္တလေးတိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။**

*❂ ရှေ့ဖုံးမှ*

စာချုပ်ပါ စွမ်းရည်ထက် ကျဆင်းနေသည့် ကုမ္ပဏီများအား အရေးယူဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်သည့် ကြယ်ပွင့်ပြမေးခွန်းကို ပြန်လည်ဖြေကြားစဉ် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က ထည့်သွင်းပြောကြားခဲ့သည်။

ဒုတိယဝန်ကြီး၏ ပြောကြားချက်အရ သုံးစွဲသူများအနေဖြင့် အင်တာနက်လိုင်းပြတ်တောက်မှုများ ကြုံတွေ့ရပါက သက်ဆိုင်ရာ ကုမ္ပဏီသို့ ရှေးဦးစွာအကြောင်းကြားရန် လိုအပ်ပြီး ဝန်ဆောင်မှု ပေးနိုင်ခြင်းမရှိဘဲ ပျက်ကွက်နေပါက သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သိရသည်။

တိုင်ကြားလိုသူများအနေဖြင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (PTD) ၏ အီးမေးလ်ဖြစ်သော complaint @ptd.gov.mm သို့လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန၏ Consumer Call Center ဖုန်းနံပါတ် ၁၅၃၅ သို့လည်းကောင်း တိုက်ရိုက်ဆက်သွယ် တိုင်ကြားနိုင်မည်ဖြစ်သည်။

ထို့ပြင် စားသုံးသူရေးရာဦးစီးဌာနသို့ ၂၀၁၇ ခုနှစ်မှ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၀ရက်အထိ ဆက်သွယ်ရေးဝန်ဆောင်မှုနှင့် ပတ်သက်၍ တိုင်ကြားစာ စုစုပေါင်း ၂၂၀၀ ခု လက်ခံရရှိခဲ့ရာမှ ၂၁၉၂ မှုကို အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျန်ရှိသည့် ရှစ်မှုကိုလည်း ဆက်လက်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

TWA

*❍ ရှေ့ဖုံးမှ*

ဂျပ်ဖာ ၁၄၅ ဖာ၊ စားဆီ ငါးလီတာဘူး ၃၆၈ ဘူးနှင့် နှစ်လီတာဘူး ၁၅ ဘူး စုစုပေါင်း အလေးချိန် ကီလိုဂရမ် ၇၅၉၀ သည် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ ကလေးမြို့သို့ ရောက်ရှိသည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများနှင့်အတူ ချင်းပြည်နယ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦး ဦးဆောင်သော သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများလည်း လိုက်ပါသွားကြကြောင်း သိရသည်။

သတင်းစဉ်

**အစားအစာ အကြွင်းအကျန်မရှိစေရေး စားသောက်မှုပုံစံကို ဂရုစိုက်ပေး။**

# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လမင်းစီမံချက်ဖြင့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်ထုတ်ပေးခြင်းများ One Stop Service ဖြင့် ဆောင်ရွက်ပေးလျက်ရှိ





**မန္တလေး ဇူလိုင် ၂၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် အောင်မြေသာစံ မြို့နယ်မှူးရုံးက ပြည်သူ့အကျိုးပြု လမင်းစီမံချက်ဖြင့် ကျောင်းဖွင့်ချိန်မှစတင်၍ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်ထုတ်ပေးခြင်းများကို One Stop Service ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၈)အခြေခံပညာ အထက်တန်းကျောင်းတွင် ဆောင်ရွက်ပေးနေမှုများကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးစောနိုင်က တိုင်းဒေသကြီးတွင် ပြည်သူ့အကျိုးပြု လမင်းစီမံချက်ဖြင့် ဆောင်ရွက်နေမှုအခြေအနေများ၊ ကျောင်းဖွင့်ချိန်တွင် ကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများအား ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် စီမံချက်ကာလအတွင်း ဆက်လက်ဆောင်ရွက်ပေးသွားမည့် အစီအမံများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းသူ ၁၅၆ ဦးထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့သည်။

ပြည်သူ့အကျိုးပြု လမင်းစီမံချက်ဖြင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းများစတင်ဖွင့်ချိန်မှစ၍ အခြေခံပညာကျောင်းများ၌ အသက်(၁၀)နှစ်နှင့် အထက် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းကို One Stop Service ဖြင့် ဆောင်ရွက်ပေးခဲ့ရာ ယနေ့အချိန်ထိ တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၂၈၈ ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၃၁၆၄၀ ဦးအား ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်ရှိနေသော ကျောင်းများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)









# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ရမည်းသင်းခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**ရမည်းသင်း ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက ရမည်းသင်းခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်း စစ်ဆေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော ရမည်းသင်းမြို့နယ် အင်ကြင်းကန်ကျေးရွာအုပ်စုရှိ တောင်သူ ဦးပေါ၏ စိုက်ခင်းတွင် 10-Role Seeder စက်ဖြင့် မိုးစပါး တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲသို့ရောက်ရှိပြီး တောင်သူများအား သရုပ်ပြသနေမှုများကို ကြည့်ရှု၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် တောင်သူများ၏ တင်ပြမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။





၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျီးနီကန်သို့ ရောက်ရှိပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံ ခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကန်အတွင်း ရေဝင်ရောက်မှု၊ ရေလှောင်ပမာဏ၊ အကျိုးပြုဧကများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ရမည်းသင်းဘူတာရုံသို့ရောက်ရှိပြီး ဘူတာရုံအတွင်း လိုက်လံကြည့်ရှု စစ်ဆေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများအား ဘူတာရုံနှင့် ဘူတာရုံ ပရဝဏ်တို့အား အမြင်တင့်တယ်လှပရေး အလေးထားကာ စနစ်တကျ ကြပ်မတ် ဆောင်ရွက်ရန်တို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် ရမည်းသင်းခရိုင်အားကစားကွင်းသို့ ရောက်ရှိပြီး အားကစားခန်းမနှင့် အားကစားကွင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**






## SHWE MAN TAUNG FAMILY LEAGUE
## ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲယှဉ်ပြိုင် GK FC အသင်း အနိုင်ရဗိုလ်စွဲ

**မန္တလေး ဇူလိုင် ၂၅**

SHWE MAN TAUNG FAMILY LEAGUE ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း၃၀ရှိ ဗထူးအားကစားကွင်းတွင် ဇူလိုင် ၂၀ ရက် ညနေပိုင်းက GK FC အသင်းနှင့် AD 90 FC အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ GK FC အသင်းက တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှိုင်ဌေးအောင်၊ မန္တလေး OID Star အသင်း အမှုဆောင် ဦးမျိုးနိုင်၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင် ဦးကျော်ခန့် (GOLDEN WAVE FC) နှင့် အဖွဲ့ဝင်များ၊ မိသားစုဝင်များ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။ **(အောက်ပုံ)**

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အသန့်ရှင်းဆုံးဆုရ နှင်းဆီမောင် FC အသင်း၊ ဂိုးသွင်းအများဆုံးဆုရ ငြိမ်းချမ်းအောင် (Golden Wave FC)နှင့် AK Thu(AD 90 FC)၊ အကောင်းဆုံးဂိုးသမားဆုရ ဖြိုးကိုထက်(AD 90 FC)တို့အားပြိုင်ပွဲကျင်းပရေးကော်မတီဝင် ဦးကျော်ခန့် (GOLDEN WAVE FC) နှင့် မန္တလေး OID Star အသင်း အမှုဆောင်တို့က ဆုဖလားနှင့် ထူးချွန်ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။




ထို့နောက် ဒုတိယဆုရ AD 90 FC အသင်းမှ အားကစားသမားများကို တိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးက ဒုတိယဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးက ပထမဗိုလ်စွဲသည့် GK FC အသင်းမှ အားကစားသမားများအား တစ်ဦးချင်း ပထမဆုတံဆိပ်များနှင့် တံခွန်စိုက်ဆုဖလားကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

၀-၀-၀-၀-၀

## ပြိုင်ပွဲများ၌ ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမ၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးခရိုင် ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် လာမည့် အထိမ်းအမှတ် နေ့ထူးနေ့မြတ်ရက်များတွင်လည်း ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း၊ အားလပ်သည့် အချိန်များတွင် စာပေများ လေ့လာဖတ်ရှုထားရန်နှင့် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ချီးကျူးဂုဏ်ပြုစကားပြောကြားခဲ့သည်။

ထို့နောက် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့တွင် ကျောင်းသား၊ ကျောင်းသူ ၁၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသည့် ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၅)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသား၊ ကျောင်းသူ ငါးဦးအား ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**စင်မင်းမောင်(ခရိုင်-ပြန်/ဆက်)**

၀-၀-၀-၀-၀



သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့
စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့။

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေးလူငယ်သင်တန်းကျောင်း၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၊ အမျိုးသမီးကလေးများသင်တန်းကျောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာန၊ ပုသိမ်ကြီးလူငယ်သင်တန်းကျောင်း၊ မြို့နယ်ရဲစခန်းအချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းများကို ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၂၅

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးသန်းဝင်း၊ ဦးအုန်းခိုင်နှင့် ဒေါက်တာ တင်ဌေးအိတို့သည် ဇူလိုင် ၂၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ မန္တလေးလူငယ်သင်တန်းကျောင်း၊ အမျိုးသမီးသက်မွေးအတတ် ပညာသင်ကျောင်း၊ အောင်မြေသာစံမြို့နယ် တရားရုံး အချုပ်ခန်းနှင့် ချမ်းအေးသာစံမြို့နယ်ရှိ မြို့နယ်တရားရုံး အချုပ်ခန်းသို့လည်းကောင်း၊ ဇူလိုင် ၂၄ ရက်တွင် ချမ်းအေးသာစံမြို့နယ်ရှိ အမျိုးသမီးကလေးများသင်တန်းကျောင်း၊ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဌာန၊ ပုသိမ်ကြီးမြို့နယ်ရှိ ပုသိမ်ကြီးလူငယ်သင်တန်းကျောင်း၊ ပုသိမ်ကြီးမြို့နယ်ရှိ မြို့မရဲစခန်း အချုပ်ခန်းနှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ ရဲစခန်း အချုပ်ခန်းသို့ လည်းကောင်း၊ ဇူလိုင် ၂၅ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်တို့ရှိ ရဲစခန်း အချုပ်ခန်းများသို့လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ကြည့်ရှုစစ်ဆေးစဉ် သင်တန်းကျောင်းများတွင် လက်ခံစောင့်ရှောက်ထားသော ကလေးလူငယ်များ၏ စိတ်ဒဏ်ရာ၊ လူမှုရေးအရ အပယ်ခံရမည်ကို စိုးရိမ်စိတ်နှင့် မိမိကိုယ်ကို ယုံကြည်မှုပျောက်ဆုံးခြင်းများ လျော့ပါးစေရန် စိတ်ခံစားပြုပြင်ရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာများ သင်ကြားပေးနိုင်ရေး အတွက် စနစ်တကျ ချမှတ်ဆောင်ရွက်ထားရှိမှု၊ တရားရင်ဆိုင်ဆဲအမှုများ ကြန့်ကြာမှု ရှိ၊ မရှိ အခြေအနေ၊ ကျန်းမာရေး စောင့်ရှောက်မှု၊ အစားအစာကျွေးမွေးမှု၊ သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနေမှု၊ အိပ်ဆောင်များထားရှိမှုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိမှု၊ လူငယ်များအား စာရိတ္တပြုပြင်၍ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရန် လေ့ကျင့်ပြုစုပေးခြင်းဖြင့် လူမှုပတ်ဝန်းကျင်တွင် ပြန်လည်ဝင်ဆံ့နိုင်အောင် ပြုစုပျိုးထောင်ပေးမှု၊ ပညာသင်ကြားခွင့်၊ မိသားစုနှင့် ဆက်သွယ်/တွေ့ဆုံ/ပြန်လည်ပေါင်းစည်းခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်နှင့် ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ၊ မရှိ စသည့်အခြေခံလူ့အခွင့်အရေးများရရှိအောင် ဆောင်ရွက်ပေးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်ရဲစခန်း အချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ် ရီမန်ကာလအခြေအနေ၊ အချုပ်ခန်းများအတွင်း နေထိုင်စဉ်နှင့် အမှုစစ်ဆေးစဉ် ကာလအတွင်း ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ၊ မရှိ၊ မိသားစုနှင့်တွေ့ဆုံနိုင်မှု၊ နေထိုင်စားသောက်ရေး စီစဉ်ပေးမှု၊ အချုပ်ခန်းများအတွင်း မိလ္လာသုံးစွဲမှုနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှု ရှိ၊ မရှိနှင့် တရားရုံးထုတ်စဉ် မိသားစုဝင်များ၊ အကျိုးဆောင်ရှေ့နေများနှင့် တွေ့ဆုံခွင့်ရရှိမှုအခြေအနေတို့ကို အချုပ်သား အချုပ်သူများနှင့် တွေ့ဆုံမေးမြန်းပြီး အချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးရေး အဖွဲ့၏ မန္တလေးလူငယ်သင်တန်းကျောင်း၊ အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်း၊ အမျိုးသမီး ကလေးများ သင်တန်းကျောင်း၊ အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ ပုသိမ်ကြီးလူငယ်သင်တန်းကျောင်း၊ ရဲစခန်းအချုပ်ခန်းများနှင့် မြို့နယ်တရားရုံး အချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးမှုစစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့သွားမည် ဖြစ်ကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ သိရသည်။

(မန္တလေးနေ့စဉ်-၅)

## မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ငွေပဒေသာပင် စိုက်ထူလှူဒါန်း

**မန္တလေး ဇူလိုင် ၂၅**

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များကို စဉ်ဆက်မပြတ်ထောက်ပံ့လျက်ရှိရာ ကျောင်းသား၊ ကျောင်းသူဟောင်းများကလည်း ကျန်းမာရေးငွေပဒေသာပင်များ စိုက်ထူလှူဒါန်းလျက်ရှိသည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို ယမန်နေ့ နံနက် ၉ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၁ လမ်းရှိ အလှူရှင်နေအိမ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဦးစံတင့်+ဒေါ်အေးအေး၊ (သား) ဒေါက်တာစည်သူအောင် + ဒေါက်တာအောင်အောင်နွယ် မိသားစုကငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ တက္ကသိုလ်များ(မန္တလေး)ရက္ခဗေဒ ကျောင်းသားဟောင်းများက ကျန်းမာရေးစောင့်ရှောက်မှုအသင်းသို့ ငွေကျပ် ၁၀ သိန်း၊ စုစုပေါင်း ငွေကျပ် သိန်း ၂၀ ကို လှူဒါန်းရာ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယက ဆရာကြီး ဦးတင်မောင်၊ ဥက္ကဋ္ဌဒေါက်တာသီတာဝင်းနှင့် ရက္ခဗေဒပါမောက္ခ (ငြိမ်း) ဒေါ်ခင်မြမြတို့က လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်ခဲ့သည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီ အနေဖြင့် အဖွဲ့တည်ထောင်သည့် ၂၀၂၃ ခုနှစ်၊ မေ ၂၃ ရက်မှစ၍ ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁၅ ရက်အထိ ကန်တော့ခံဆရာကြီး၊ ဆရာမကြီး ၃၉၈ ဦးအတွက် ဂါရဝပြုငွေကျပ် ၈၆၅ သိန်း ထောက်ပံ့နိုင်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(ဝင့ၵ)**



## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကျင်းပ



နေပြည်တော် ဇူလိုင် ၂၅

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ ဆရာမများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအက အဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင် လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေး တာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အိုးစည်၊ဒိုးပတ်၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

နေပြည်တော် ဇူလိုင် ၂၅

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် / မြေပြင် လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင်ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ မိုး/ဇလ

## ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်



**နေပြည်တော် ဇူလိုင် ၂၅**

ပျဉ်းမနားမြို့နယ် မိခင်နှင့်ကလေးအသင်းပိုင် သားဖွားခန်းအတွက် Oxygen Concentrator စက် ထောက်ပံ့ခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် မိခင်နှင့်ကလေးအသင်းပိုင် သားဖွားခန်း၌ ဆောင်ရွက်ခဲ့သည်။ (ဓါတ်ပုံ)

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်၊ အတွင်းရေးမှူး ဒေါက်တာနွယ်နီအုန်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက ပျဉ်းမနားမြို့နယ် မိခင်နှင့် ကလေးအသင်းပိုင် သားဖွားခန်းအတွက် Oxygen Concentrator စက်တစ်လုံးကို ထောက်ပံ့ပေးအပ်ရာ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့က လက်ခံရယူကြသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကိုယ်ဝန်ဆောင်မိခင် ၂၁ ဦးတို့အား ကြည့်ရှုအားပေးပြီး အာဟာရပြည့်အစားအစာများဖြစ်သည့် ငှက်ပျောသီး၊ ကြက်ဥ၊ အိုင်အိုဒင်းဆားနှင့် ကုလားပဲများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ပိုင်ဟိန်း**

✱-✱-✱-✱-✱-✱

## အာရှ၏ ထိပ်တန်းစာရင်းဝင် ဟောင်ကောင်လေဆိပ်တွင် ခြောက်လအတွင်း ခရီးသည် ၁၁ ရာခိုင်နှုန်းကျော် တိုးတက်

**ပေကျင်း ဇူလိုင် ၂၅**

၂၀၂၅ ခုနှစ် ကမ္ဘာ့ခရီးသွားလာရေးဆုပေးပွဲတွင် အာရှ၏ ထိပ်တန်းလေဆိပ်အဖြစ် စာရင်းဝင်ခဲ့သည့် တရုတ်နိုင်ငံဟောင်ကောင် အပြည်ပြည်ဆိုင်ရာလေဆိပ်သည် အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ အဆင့်မြှင့်တင်မှုများကြောင့် ၂၀၂၆ ခုနှစ် ပထမခြောက်လအတွင်း ခရီးသည် ၃၂ ဒသမ ၈ သန်းအထိ လက်ခံဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် ၁၁ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



ယင်းလေဆိပ်အာဏာပိုင်အဖွဲ့က ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ ဇွန်လတစ်လတည်း၌ပင် ခရီးသည် ၅ ဒသမ ၁၂ သန်းအထိ လက်ခံဆောင်ရွက်ပေးနိုင်ခဲ့ရာ ယခင်နှစ် အလားတူလနှင့် နှိုင်းယှဉ်ပါက ၇ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်သည်။

ဒေသတွင်း လေကြောင်းကဏ္ဍ၏ ကြံ့ကြံ့ခံနိုင်စွမ်းကြောင့် ယခုကဲ့သို့ တိုးတက်လာခြင်းဖြစ်သည်ဟု လေဆိပ်တာဝန်ရှိသူများက သုံးသပ်ထားပြီး လေဆိပ်၏ မကြာသေးမီက ရရှိခဲ့သော အပြည်ပြည်ဆိုင်ရာ ဆုတံဆိပ်များသည် ကမ္ဘာလုံးဆိုင်ရာ ချိတ်ဆက်နိုင်မှု၊ ဝန်ဆောင်မှု အရည်အသွေးနှင့် နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုများ၌ ယင်း၏ အားသာချက်များကို မီးမောင်းထိုးပြနေကြောင်း သိရသည်။ **Mon**

---

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ




## ကုလအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ် ဆီးရီးယားနိုင်ငံသို့ အလည်အပတ်ရောက်ရှိလာ

**ဒမတ်စကတ် ဇူလိုင် ၂၅**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ် ယမန်နေ့က ဆီးရီးယားနိုင်ငံသို့ အလည်အပတ် ရောက်ရှိလာကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

၁၇ နှစ်တာကာလအတွင်း လက်ရှိ တာဝန်ထမ်းဆောင်ဆဲ ကုလသမဂ္ဂအကြီးအကဲတစ်ဦး၏ ပထမဆုံးသော တရားဝင်ခရီးစဉ်ဖြစ်သည်။

၎င်း ဒမတ်စကတ် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ် ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး အာဆာဒ်အယ်လ်ရှိုင်ဘာနီက ဦးစွာ ကြိုဆိုခဲ့သည်။

ယင်းခရီးစဉ်အတွင်း ဂူတာရက်စ်သည် လွန်ခဲ့သည့်နှစ်အထိ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ပိတ်ဆို့အရေးယူမှုအောက်တွင် ရှိခဲ့ဖူးသူ အယ်လ်ကေးဒါး ခေါင်းဆောင်ဟောင်း သမ္မတ အာမက် အယ်လ်ရှာရာနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

**Mon**

---

## အာဆီယံဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ကမ္ဘောဒီးယား မင်းသမီး နိုရိုဒွန် ဂျန်နာ ပါဝင်ဖျော်ဖြေ

**ဖနွမ်းပင် ဇူလိုင် ၂၅**

ယမန်နေ့က ဖနွမ်းပင်မြို့ရှိ မိုရိုဒုတ်တေ အမျိုးသားအားကစားကွင်း၌ ကျင်းပသည့် အာဆီယံဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အသက် ၁၄ နှစ်အရွယ် ကမ္ဘောဒီးယား မင်းသမီး နိုရိုဒွန် ဂျန်နာက ပါဝင်ဖျော်ဖြေခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အိမ်ရှင် ကမ္ဘောဒီးယား အသင်းနှင့် စင်ကာပူအသင်းတို့ မယှဉ်ပြိုင်မီ ပွဲကြိုအစီအစဉ်တွင် ၎င်းသည် ကမ္ဘောဒီးယား အနုပညာရှင် ဆမ်ဘတ်ဆိုခ်နှင့်အတူ စုံတွဲသီချင်းသီဆိုရာ ယင်းဖျော်ဖြေမှုကို အားကစားကွင်းအတွင်းရှိ ပရိသတ် ၆၀,၀၀၀ ခန့် ကြည့်ရှုခဲ့သည်။



နိုရိုဒွန် ဂျန်နာသည် ကမ္ဘောဒီးယားရာဇဝင်တွင် ထင်ရှားသော တော်ဝင်မိသားစုဝင် လူငယ်များအနက် တစ်ဦးဖြစ်သည်။ ၎င်းကို ၂၀၁၂ ခုနှစ်တွင် ပါရီမြို့၌ ပြင်သစ်လူမျိုးအမေနှင့် မင်းသမီး နိုရိုဒွန် ဘုပ္ဖာရီတို့မှ မွေးဖွားခဲ့ပြီး ကွယ်လွန်သူ ဘုရင် နိုရိုဒွန် သီဟာနု၏ မြစ်တော်စပ်သူ ဖြစ်ကြောင်း သိရသည်။

**Mon**

---

## အင်တာနက် စီမံခန့်ခွဲရေးဆိုင်ရာ ပြင်ဆင်ချက်မူကြမ်းအရ ဗီယက်နမ်၌ (၁၆)နှစ်အောက် လူမှုကွန်ရက် ပိတ်ပင်မည်

**ဟနွိုင်း ဇူလိုင် ၂၅**

အင်တာနက် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ကြော်ငြာစာ ပြင်ဆင်ချက်မူကြမ်းအရ ဗီယက်နမ်နိုင်ငံသည် အသက်(၁၆)နှစ်အောက် ကလေးငယ်များကို လူမှုကွန်ရက်ပေါ်တွင် စာပိုဒ်များ ရေးသားတင်ပြခြင်း၊ မှတ်ချက်ပေးခြင်း၊ မျှဝေခြင်း သို့မဟုတ် တုံ့ပြန်မှုပြုလုပ်ခြင်းတို့မှ ပိတ်ပင်ရန် ထည့်သွင်းအဆိုပြုထားပြီး အကြောင်းအရာများကို ကြည့်ရှုရုံမျှသာ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အွန်လိုင်းပေါ်တွင် စောင့်ကြည့်စစ်ဆေးမှုကို တင်းကျပ်ရန်နှင့် ကလေးငယ်များကို ကာကွယ်ရန်အတွက် အဆိုပါ ပြဋ္ဌာန်းချက်များကို ထည့်သွင်းခဲ့ခြင်းဖြစ်ကြောင်း အသံလွှင့်နှင့် အီလက်ထရွန်နစ် သတင်းအချက်အလက် ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ငုယင်သီသန်းဟူယင်က ဇူလိုင် ၂၃ ရက်က ဟနွိုင်းမြို့၌ကျင်းပသည့် ဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

အသက်(၁၆)နှစ်အောက် ကလေးများ၏ အကောင့်များကို မိဘ သို့မဟုတ် အုပ်ထိန်းသူ၏ အချက်အလက်များကို အသုံးပြု၍ မှတ်ပုံတင်ရမည်ဖြစ်ပြီး အဆိုပါ လူကြီးသည် ကလေးကြည့်ရှုသည့် အကြောင်းအရာများနှင့် လူမှုကွန်ရက်ပေါ်တွင် ကုန်လွန်သည့် အချိန်တို့ကို ကြီးကြပ်ရန် တာဝန်ရှိမည်ဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0



---

## ပြင်သစ်နှင့် စပိန်တောမီးများ ထိန်းချုပ်နိုင်ခြင်းမရှိ လူပေါင်း ၂၀၀၀၀ နီးပါး စွန့်ခွာထွက်ပြေးခဲ့ကြရ

**မက်ဒရစ် ဇူလိုင် ၂၅**

ပြင်သစ်နှင့် စပိန်နိုင်ငံတို့တွင် ထိန်းချုပ်နိုင်ခြင်းမရှိသေးသည့် တောမီးများကြောင့် လူပေါင်း ၂၀၀၀၀ နီးပါး ၎င်းတို့၏ နေအိမ်များနှင့် အပန်းဖြေစခန်းများမှ စွန့်ခွာထွက်ပြေးခဲ့ကြရကြောင်းသည်။

စပိန်နိုင်ငံမြို့တော် မက်ဒရစ်အနီးတွင် ကူးစက်လောင်ကျွမ်းလျက်ရှိသည့် တောမီးများကို ထိန်းချုပ်နိုင်မည်ဟု မီးသတ်သမားများ မျှော်လင့်ထားသော်လည်း မြို့တော်၏ အနောက်ဘက် ကောင်းကင်ယံတွင် မီးခိုးပြာထူထပ်စွာ ဖုံးလွှမ်းနေစဉ် လေပြင်းများကြောင့် မီးတောက်များ ပိုမိုအားကောင်းလာခဲ့သည်။

မြို့တော်အနီး ဖြစ်ပွားနေသော တောမီးသည် "အဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိနေပြီး လက်ရှိတွင် မီးသတ်သမားများ ထိန်းချုပ်နိုင်သည့် ပမာဏထက် ကျော်လွန်နေသည်" ဟု မက်ဒရစ်ဒေသဆိုင်ရာအစိုးရ၏ အရေးပေါ်စီမံခန့်ခွဲရေးမှူး ကားလို့စ်နိုဗီလိုက ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0



---

## ဆေးဝါးသစ်ထုတ်လုပ်ဖန်တီးခြင်း ပိုမိုထိရောက်စေရန် ဉာဏ်ရည်တုနည်းပညာက ကူညီပေးနိုင်သည်ဟု ဆို

**ပေကျင်း ဇူလိုင် ၂၅**

ဆေးဝါးသစ်ထုတ်လုပ်ဖန်တီးခြင်းသည် ဆယ်စုနှစ်တစ်ခုကြာမြင့်နိုင်ပြီး ယွမ် ၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၄၇ ဒသမ ၆ သန်း) ကုန်ကျနိုင်ကာ အောင်မြင်မှုရရှိရန် အခွင့်အလမ်း ၁၀ ရာခိုင်နှုန်းပင် မရှိသော်လည်းပိုမိုထိရောက်စေရန်အတွက် ဉာဏ်ရည်တုနည်းပညာက ကူညီပေးနိုင်သည်ဟု တရုတ်အခြေစိုက် ဉာဏ်ရည်တုနည်းပညာကုမ္ပဏီက ထုတ်ပြန်ကြေညာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဂျန်းစူးပြည်နယ် ဆူကျိုးမြို့ရှိ ကုမ္ပဏီ၏ မယ်ဂါလက်ဗ်ခတ် ခွဲခန်းတွင် ဉာဏ်ရည်တု အေဂျင့်အဖွဲ့များသည် စက်ရုပ်လက်တံများကို အသုံးပြုကာ အချိန်ပြည့် စမ်းသပ်မှုများ ပြုလုပ်ရန် ညွှန်ကြား၍ ထုတ်လုပ်လျက်ရှိသည်။



သိပ္ပံပညာရှင်များနှင့် နည်းပညာရှင် ရှစ်ဦး ပါဝင်သော အဖွဲ့တစ်ဖွဲ့သည် အဆိုပါစနစ်ကို အသုံးပြု၍ လေးလအတွင်း ပဋိပစ္စည်းစမ်းသပ်မှုပေါင်း ၅၆ ကြိမ်ကို ပြီးမြောက်ခဲ့ပြီး တည်ငြိမ်မှု၊ ထုတ်လုပ်နိုင်မှု၊ အဆိပ်အတောက်ဖြစ်စေနိုင်မှုနှင့် ပေါင်းစည်းနိုင်မှုဆိုင်ရာ ခန့်မှန်းချက်များ၏ တိကျမှုကို ရာခိုင်နှုန်း ၇၀ မှ ၉၀ ရာခိုင်နှုန်းခန့်အထိ တိုးမြှင့်နိုင်ခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## လယ်ဝေးမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး ဟောပြော

**လယ်ဝေး ဇူလိုင် ၂၅**

ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် ပြည်သူလူထုအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီက ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်၊ သိရီမင်္ဂလာခန်းမ၌ အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူရက အမှာစကားပြောကြားပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး ကျော်ခိုင်၊ ဒုတိယရဲမှူး အောင်ဝင်းစိုးနှင့် ရဲအုပ်မင်းထွေးတို့က မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များ သတ်မှတ်ယာဉ်ကြောမှ မောင်းနှင်စေရန်နှင့် လက်ယာဘက်မှ ကပ်မောင်းစေရေး၊ ဆိုင်ကယ်စီးနင်းသူတိုင်း ဆိုင်ကယ်ဦးထုပ်ဆောင်းစေရေး၊ မော်တော်ယာဉ်အသုံးပြုသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ပတ်စေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများအား အသိပညာပေး ဟောပြောသည်။

ထို့နောက် တက်ရောက်လာသည့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လမ်းအသုံးပြုသူပြည်သူများက သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများကို ဖြေကြားခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**အောင်ပိုင်ဟိန်း**



## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**တောင်တွင်းကြီး ဇူလိုင် ၂၅**

ကျောင်းအခြေပြု မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးစောမောင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ကုက္ကိုခွကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်းသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးစောမောင်က မီးဘေးလုံခြုံကာကွယ်ရေး အသိပညာပေး ဆွေးနွေးရခြင်း ရည်ရွယ်ချက်များ၊ မီးလောင်မှုအခြေခံသဘောတရားများ၊ မီးငြိမ်းသတ်ခြင်းစနစ်များ၊ မီးအတန်းအစားခွဲခြားခြင်းများ၊ လျှပ်စစ်မီးလောင်မှုဖြစ်စေသည့် အဓိကအကြောင်းအရင်းများ၊ လျှပ်စစ်ဝိုင်ယာလျှော့ မဖြစ်အောင်ကာကွယ်ရမည့် နည်းလမ်းများ၊ မီးကို မပေါ့ဆကြရန်နှင့် မီးလောင်ပါက ပစ္စည်းဆုံးရှုံးမှုသာမက အသက်အိုးအိမ်များပါ ပျက်စီးဆုံးရှုံးတတ်ကြောင်းကို ရှင်းလင်းဟောပြောခဲ့ပြီး မီးသတ်ဦးစီးဌာန၏ သတ်မှတ်ထားသည့် ဝတ်စုံအမျိုးအစား လေးမျိုးအကြောင်းနှင့် မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ကျောင်းသား၊ ကျောင်းသူများ စိုးရိမ်ထိတ်လန့်မှုကင်းစွာ ကြိုတင်မီးငြိမ်းသတ်နိုင်မည့်နည်းလမ်းများ၊ မီးသတ်ဆေးဘူးအသုံးပြုမှု အခြေခံနည်းလမ်းများအား လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**နောင်နောင်(ဗိသနိုးမြေ)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ယာဉ်တိုက်မှုဖြစ်ပွားသဖြင့် အမျိုးသား နှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**ရေတာရှည် ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွားသဖြင့် အမျိုးသား နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၁ ရက် ည ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ဆွာမြို့၊ ပြီစုတ်ကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၁၈၁ မိုင် ၃ ဖာလုံနှင့် ၄ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဆွာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ရေတာရှည်မြို့မှ ဆွာမြို့ဘက်သို့ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်နေ ဦးအောင်ဇော်ထက် (၄၆)နှစ်ဆိုသူ မောင်းနှင်ပြီး မွန်ပြည်နယ်၊ မော်လမြိုင်မြို့နေ ဦးစစ်နိုင် (၃၀)နှစ်ဆိုသူ လိုက်ပါလာသော BE-IBEN ၂၂ ဘီး ဆီဘောက်ဆာယာဉ်နှင့် ဆွာမြို့မှ ရေတာရှည်မြို့ဘက်သို့ ဖြူးမြို့နေ ဦးလှဝင်း(ခ)နီတွတ် (၄၃)နှစ်ဆိုသူ မောင်းနှင်၍ တစ်မြို့တည်းနေ ကိုအောင်မြတ်သူ (၂၁)နှစ်ဆိုသူ လိုက်ပါလာပြီး စပါးအိတ်များ တင်ဆောင်လာသော DONG-FENG ၂၂ ဘီး နောက်တွဲယာဉ်တို့သည် အခင်းဖြစ်နေရာအရောက်၌ ရှောင်တိမ်းရာမှ အရှိန်မထိန်းနိုင်ဘဲ ဆီဘောက်ဆာယာဉ်မှာ ရေမြောင်းအတွင်းသို့ ထိုးကျခဲ့ပြီး ဦးအောင်ဇော်ထက်နှင့် ကိုအောင်မြတ်သူဆိုသူတို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီး ရရှိခဲ့သောကြောင့် ယာဉ်အား မဆင်မခြင်မောင်းနှင်သူ အောင်ဇော်ထက်နှင့် လှဝင်း(ခ)နီတွတ် ဆိုသူတို့အား ဆွာနယ်မြေရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။



(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

* - * - * - * - * - *

## မော်တော်ဆိုင်ကယ်က လမ်းဘေးတွင်ရပ်တန့်ထားသည့် မော်တော်ယာဉ်အား ဝင်ရောက်တိုက်မိသဖြင့် အမျိုးသမီး တစ်ဦးသေဆုံး၍ တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**ပဲခူး ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၌ မော်တော်ဆိုင်ကယ်က လမ်းဘေးတွင်ရပ်တန့်ထားသည့် မော်တော်ယာဉ်အား ဝင်ရောက်တိုက်မိသဖြင့် အမျိုးသမီး တစ်ဦး သေဆုံး၍ တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၁ ရက် ည ၁၁ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဝမ်းဘဲအင်းကျေးရွာ၊ တောင်စွန်းအမှတ်(၇) ရပ်ကွက်၊ ရန်ကုန်-မန္တလေးသွားကားလမ်း မိုင်တိုင်အမှတ် ၄၅ မိုင် ၆ ဖာလုံနှင့် ၇ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၃)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ လမ်းအတိုင်း ဘုရားကြီးမြို့မှ ဒိုက်ဦးမြို့ဘက်သို့ ဝမ်းဘဲအင်းကျေးရွာ၊ အမှတ်(၂)ရပ်ကွက်နေ မသက်ငုံဖူး (၂၈)နှစ်ဆိုသူ မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ မသဇင် (၁၉)နှစ်ဆိုသူ လိုက်ပါလာသည့် CANDA-125 မော်တော်ဆိုင်ကယ်သည် အခင်းဖြစ်နေရာအရောက်၌ ယာဘက်လမ်းဘေးတွင် ရပ်တန့်ထားသည့် ISUZU GIGA နောက်တွဲယာဉ်အား အရှိန်မထိန်းနိုင်ဘဲ နောက်မှ ဝင်ရောက်တိုက်မိခဲ့သဖြင့် မသက်ငုံဖူးနှင့် မသဇင်ဆိုသူတို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့ပြီး မသက်ငုံဖူးဆိုသူမှာ ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားခဲ့သောကြောင့် ယာဉ်အား မဆင်မခြင်မောင်းနှင်သူ သက်ငုံဖူးဆိုသူအား ဘုရားကြီးနယ်မြေရဲစခန်းမှ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

* - * - * - * - * - *



## ၁၂ ဘီး မော်တော်ယာဉ် ထိုးကျတိမ်းမှောက် အမျိုးသား တစ်ဦး သေဆုံး၊ တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**ရပ်စောက် ဇူလိုင် ၂၅**

ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ်၌ ၁၂ ဘီး မော်တော်ယာဉ် အရှိန်မထိန်းနိုင်ဘဲ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်၍ အမျိုးသား တစ်ဦး သေဆုံးပြီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၀ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ်၊ တောင်ထိပ်ကျေးရွာအနီး ရပ်စောက်-နောင်ချိုကားလမ်း မိုင်တိုင်အမှတ် ၈၄ မိုင် ၃ ဖာလုံနှင့် ၄ ဖာလုံကြား၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ကျောက်ဂူနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ နောင်ချိုမြို့မှ ရပ်စောက်မြို့ဘက်သို့ နောင်ချိုမြို့နယ်၊ အုမ္မခါးကျေးရွာနေ ကိုထွန်းလူ(၂၇)နှစ်ဆိုသူ မောင်းနှင်ပြီး ယာဉ်နောက်လိုက် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ဇီးတောစံပြကျေးရွာနေ ဦးမင်းမင်းအသက်(၄၁)နှစ်ဆိုသူ လိုက်ပါလာသည့် DONGFENG ၁၂ ဘီးမော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ခြမ်း အနက်ပေ ၂၀ ခန့်ရှိ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် ဦးမင်းမင်းသက်ဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ကိုထွန်းလူဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိခဲ့သောကြောင့် ယာဉ်အား မဆင်မခြင် ပေါ့လျော့စွာ မောင်းနှင်သူ ထွန်းလူ ဆိုသူအား ကျောက်ဂူနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)


ကျောက်မဲမြို့နယ် ၃၃/၁၁ကေဗွီ ၁၀ အမ်ဗွီအေ ကျောက်မဲ(ပန်ပေါင်း) ဓာတ်အားခွဲရုံ ပြန်လည်ပြုပြင်ခြင်း မှတ်တမ်းဓာတ်ပုံ။


နောင်ချိုမြို့နယ် ၃၃/၁၁ကေဗွီ ၁၀ အမ်ဗွီအေ ရွှေညောင်ပင် ဓာတ်အားခွဲရုံပြုပြင်နေမှု မှတ်တမ်းဓာတ်ပုံ။


သီပေါမြို့နယ် ၃၃/၁၁ကေဗွီ ၁၀ အမ်ဗွီအေ သီပေါဓာတ်အားခွဲရုံ အသစ်အစားထိုးပြုပြင်တည်ဆောက်နေမှု မှတ်တမ်းဓာတ်ပုံ။

❍ စာမျက်နှာ ၂၄ မှ

ဓာတ်အားလိုင်းများကို အမြန်ဆုံး ပြန်လည်ကောင်းမွန်၍ လျှပ်စစ်ဓာတ်အားများ ပြန်လည်ပို့လွှတ်ပေးနိုင်ရေး လျှပ်စစ်ဝန်ထမ်းများနှင့် နယ်မြေခံလုံခြုံရေး တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုးပမ်းပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ၂၀၂၄ ခုနှစ်အတွင်း လားရှိုးမြို့နယ်၊ နောင်ချိုမြို့နယ်၊ ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ်တို့ကို အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်တိုက်ခိုက်မှုများကြောင့် ဓာတ်အားခွဲရုံ ကိုးရုံ၊ ထရန်စဖော်မာ ၈၆ လုံးနှင့် ဓာတ်အားလိုင်းများ ထိခိုက်ပျက်စီးခဲ့ပြီး ဓာတ်အားပြတ်တောက်ခဲ့သည်။

လားရှိုးမြို့နှင့်နောင်ချိုမြို့များကို တပ်မတော်မှ ပြန်လည်ထိန်းချုပ်ပြီးနောက် ဝန်ကြီးဌာနမှ ထိခိုက်ပျက်စီးခဲ့သည့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများကို အမြန်ဆုံး ပြန်လည်ပြုပြင်ခဲ့ပြီး နောင်ချိုမြို့နယ်နှင့် လားရှိုးမြို့တို့ကို နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထို့ပြင် သီပေါမြို့နယ်နှင့် ကျောက်မဲမြို့များတွင် ထိခိုက်ပျက်စီးခဲ့သည့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်သဖြင့် ဓာတ်အားရယူသုံးစွဲရမည့် ၆၆ ကေဗွီ မန်စံ-သီပေါ ဓာတ်အားလိုင်း တိုင်အမှတ် ၂၁၀ နှင့် ၂၁၉ ကြား မြေမြှုပ်မိုင်းများရှင်းလင်းခြင်းနှင့် ဓာတ်အားလိုင်းစစ်ဆေးခြင်းများ ဆောင်ရွက်ပြီးစီးပါက သီပေါမြို့နှင့် ကျောက်မဲမြို့များကို နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပြီး လတ်တလောအနေဖြင့် သီပေါမြို့ကို ဒီဇယ်ဓာတ်အားပေးစက် နှစ်လုံးဖြင့် တစ်ရက်လျှင် ခြောက်နာရီနှင့် ကျောက်မဲမြို့ကို နမ့်စောင်းငေါင်း အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂ မဂ္ဂါဝပ်ဖြင့် မြို့ပေါ် အရေးကြီးနေရာများနှင့် အများပြည်သူအချို့အား ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိပြီး နိုင်ငံတော် ဓာတ်အားစနစ်ဖြင့် ပုံမှန်အတိုင်း ဓာတ်အားပြန်လည်ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကယားပြည်နယ် လွိုင်ကော်မြို့တွင် အကြမ်းဖက်သောင်းကျန်းသူများကြောင့် ၁၃၂ ကေဗွီ လွိုင်ကော်ပင်မဓာတ်အားခွဲရုံ၊ ၃၃ ကေဗွီ ဓာတ်အားခွဲရုံ သုံးရုံ၊ ထရန်စဖော်မာ ၇၃ လုံးနှင့် ဓာတ်အားလိုင်းများ ထိခိုက်ပျက်စီးခဲ့သဖြင့် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး လွိုင်ကော်မြို့၊ လွိုင်လင်လေးမြို့၊ လောပိတမြို့နှင့် ကျေးရွာ ၃၀ ရှိ


ကယားပြည်နယ် လွိုင်ကော်မြို့ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ကယန်းသာယာဓာတ်အားခွဲရုံ ပြုပြင်နေမှု မှတ်တမ်းဓာတ်ပုံ။


၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဖလမ်းဓာတ်အားခွဲရုံ ပျက်စီးဆုံးရှုံးခဲ့မှု မှတ်တမ်းဓာတ်ပုံ။

အိမ်ထောင်စုပေါင်း ၁၃၈၃၇ စုအား ဓာတ်အားပြန်လည်ပေးထားပြီးဖြစ်သည်။

ဒီးမော့ဆိုမြို့နယ်အတွင်း၌လည်း အကြမ်းဖက်များကြောင့် ၃၃ ကေဗွီ ဓာတ်အားခွဲရုံ တစ်ရုံ၊ ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းများ ထိခိုက်ပျက်စီးခဲ့ပြီး ပြန်လည်ပြုပြင်မှု ပထမအဆင့်အနေဖြင့် ၁၁ ကေဗွီ ဓာတ်အားလိုင်းပြုပြင်ခြင်းအား ဆောင်ရွက်၍ မြို့နယ်အတွင်းရှိ ကျေးရွာ နှစ်ရွာနှင့် အရေးကြီးနေရာတို့ကို ဓာတ်အား ပြန်လည်ပေးထားပြီးဖြစ်ကာ လွိုင်ကော်မြို့ရှိ ၃၃ ကေဗွီ ၁၀ အမ်ဗွီအေ ရွာတန်းရှည် ဓာတ်အားခွဲရုံ ပြန်လည်ပြုပြင်ခြင်းအား နိုင်ငံတော်အစိုးရသစ်၏ ပထမရက်ပေါင်း ၁၀၀ စီမံချက်အတွင်း ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ဒီးမော့ဆို မြို့နယ်အား ရွာတန်းရှည်ခွဲရုံမှ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

အလားတူ ချင်းပြည်နယ် ဖလမ်းမြို့နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများကြောင့် ၆၆ ကေဗွီ ဓာတ်အားခွဲရုံ တစ်ရုံ၊ အသေးစားရေအားလျှပ်စစ်စက်ရုံ နှစ်ရုံ၊ ထရန်စဖော်မာ ၃၁ လုံးနှင့် ဓာတ်အားလိုင်းများ ပျက်စီးခဲ့သဖြင့် လိုအပ်သော ပစ္စည်းများ ပို့ဆောင်၍ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။ လတ်တလောတွင် ဖလမ်းမြို့ ယာယီဆေးရုံ၌ ၁၂ ကီလိုဝပ် ဆိုလာမီးဖြင့်လည်းကောင်း၊ အရေးကြီးနေရာများ၌ ၆ ကီလိုဝပ် ဆိုလာမီးများဖြင့်လည်းကောင်း ယာယီဓာတ်အားပေးနိုင်ရန် ပြည်နယ်အစိုးရ အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး အရေးကြီးနေရာများအား ယာယီဓာတ်အားပေးနိုင်ရန်အတွက် ၃၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်အား ပြန်လည်ပြုပြင်ထားရှိပြီးဖြစ်သည်။

တွန်းဇံမြို့အား ဓာတ်အား ပြန်လည် ပေးနိုင်ရေးအတွက် ၂၀၂၆ ခုနှစ် ဇွန် ၁၈ ရက်တွင် လျှပ်စစ်ဝန်ထမ်း ၁၂ဦး ရောက်ရှိ၍ ပျက်စီးမှုစာရင်းများ ကောက်ယူခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။ လတ်တလောတွင် ၃၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်ကို ပြန်လည်ပြုပြင်ပြီး ဌာနဆိုင်ရာရုံး ၁၁ရုံးနှင့် ဓာတ်အားသုံးစွဲသူ ၃၁၀ ခန့်အား ညစဉ် တစ်နေ့သုံးနာရီ ဓာတ်အားပေးလျက်ရှိပြီး ၂၀၀ ကီလိုဝပ်တွီးဆောင်းရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အား ပြန်လည်ရရှိသုံးစွဲနိုင်ရေးအတွက် သွားရောက် စစ်ဆေးနိုင်ရန် အုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရနှင့်လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ အားသွန်ခွန်စိုက် ကြိုးပမ်းမှုကြောင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့ရသည့်ဒေသများတွင် လျှပ်စစ်ဓာတ်အားများ ပြန်လည်ရရှိလာသည်နှင့်အညီ ဒေသခံပြည်သူများ၏ နေ့စဉ်လူမှုဘဝသွားလာ နေထိုင်မှုများ ပြန်လည်အဆင်ပြေချောမွေ့လာခြင်း၊ အသေးစား/အလတ်စား စီးပွားရေးလုပ်ငန်းများ၊ ဒေသတွင်းကုန်ထုတ်လုပ်မှုများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ခြင်း၊ ဆေးရုံ/ဆေးခန်းများတွင် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ကျောင်းသူကျောင်းသားများ၏ ပညာသင်ကြားရေး ကဏ္ဍများတွင် များစွာအကျိုးဖြစ်ထွန်းလာခဲ့ပြီဖြစ်သည့်အတွက် ပြည်သူလူထု၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို တိုးမြှင့်ဖြည့်ဆည်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

◆ စာမျက်နှာ ၂၄ မှ

ထိုင်ခုံပေါ်တွင် ခြေထောက်တင်ခြင်းမပြုရန်၊ အခြားခရီးသည်များ သန့်ရှင်းစွာ အသုံးပြုနိုင်ရန် ထိုင်ခုံများအား စနစ်တကျ အသုံးပြုပေးပါရန် အသိပေးချက်များအား နိုင်ငံပိုင်သတင်းစာများနှင့် သက်ဆိုင်ရာ ရထားများပေါ်တွင် အသိပေး ကြေညာချက်များ ထုတ်ပြန်ထားရှိပြီးဖြစ်သည်။

ထိုသို့ ထုတ်ပြန်ကြေညာထားရှိသော်လည်း ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မှ မန္တလေးသို့ ထွက်ခွာလာသည့် အမှတ်(၃) အဆန် ရန်ကုန်-မန္တလေး DEMU လူစီးအမြန်ရထားပေါ်၌ မြန်မာ့မီးရထားနှင့် မီးရထားရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့မှ ရထားတွဲများအား လုံခြုံရေးစစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ပထမတန်းတွဲ(၁)၊ ခုံအမှတ် 1D, 3C, 4D တို့တွင် လိုက်ပါ စီးနင်းလာကြသည့် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ထီးတော်မိုးကျေးရွာနေ ကံကောင်း(၄၄)နှစ်၊ တံတားဦးမြို့နယ် သင်ပန်းကုန်းကျေးရွာနေ ညာဏ်ပို(၄၈)နှစ်နှင့် မတ္တရာမြို့နယ် မင်္ဂလာသီရိကျေးရွာနေ ဇော်လင်း(၄၈)နှစ်တို့သည် အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်စေအောင် အရက်သေစာ သောက်စားမူးယစ်ခြင်းတို့ ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရသဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ရမည်းသင်းမြို့မရဲစခန်း၌ (ပ)၁၆၇/၂၀၂၆၊ ရထားပို့ဆောင်ရေး လုပ်ငန်းဥပဒေပုဒ်မ ၈၈(က)ဖြင့် အမှုဖွင့်လှစ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်




- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။


✡ စာမျက်နှာ ၂၄ မှ

ကောက်ခံမှုရှိစေရေးအတွက် အဖွဲ့များဖြင့် ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်အတွင်း ဈေးခုနစ်ဈေးတွင် ယာဉ်အပ်နှံကောက်ခံခွင့် ခုနစ်နေရာ၊ ရေချိုးရုံအိမ်သာလုပ်ကိုင်ခွင့်နေရာ ငါးနေရာတွင် ရိုးရိုးရေချိုး၊ အိမ်သာအသုံးပြုခတစ်ကြိမ် ငွေကျပ်၂၀၀ နှုန်း၊ အဆင့်မြင့်ရေချိုး၊ အိမ်သာအသုံးပြုခတစ်ကြိမ်ငွေကျပ် ၅၀၀ နှုန်းတို့ဖြင့် သတ်မှတ်ကောက်ခံမှုများကို စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပိုမိုကောက်ခံမှုများတွေ့ရှိပါက လေလံပါစည်းကမ်းချက်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်၍ အများပြည်သူများမှ သတ်မှတ်နှုန်းထားများအတိုင်း ပေးဆောင်ရန်နှင့် ပိုမိုကောက်ခံမှုရှိခဲ့ပါက အခွန်ဌာန ဖုန်းနံပါတ်နှင့် MCDC Website Page များသို့ တိုင်ကြားနိုင်ကြောင်း တာဝန်ခံအရာရှိက ပြောကြားသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသည် မြို့နယ်(၆)မြို့နယ်အတွင်း လေလံရရှိသည့် လုပ်ငန်းများအား ရှောင်တခင်စစ်ဆေးခြင်း၊ အသွင်ယူစစ်ဆေးခြင်းများကို ဆက်လက်လုပ်ဆောင်၍ လေလံစည်းကမ်းဖောက်ဖျက်သည့် လုပ်ငန်းများအား ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အခွန်ဌာနမှ သိရသည်။

(မန္တလေးနေ့စဉ်-၃)



# နိုင်ငံတကာ အားကစား သတင်းများ

## ရီယိုဟာတေတာကို ခေါ်ယူရန် ဝက်စ်ဟမ်းအသင်းစီစဉ်

**လန်ဒန် ဇူလိုင် ၂၅**

ဝက်စ်ဟမ်းအသင်းသည် ဆဲလ်တစ်အသင်း ကွင်းလယ် ကစားသား ရီယိုဟာတေတာကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဆဲလ်တစ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၈၉ပွဲကစားပြီး ၃၃ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝက်စ်ဟမ်းအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ရီယိုဟာတေတာ ကိုယ်တိုင်က လည်း ဆဲလ်တစ်အသင်းမှ ထွက်ခွာသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် ဝက်စ်ဟမ်းအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ဆဲလ်တစ်အသင်းမှ ရီယိုဟာတေတာကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)

(NGB)



## ဂရစ်ဇ်မန်း ပရိုကစားသမားဘဝတစ်လျှောက် ကလပ်သွင်းဂိုး ၃၀၀ ပြည့်မြောက်



**လန်ဒန် ဇူလိုင် ၂၅**

အော်လန်ဒိုစီးတီးအသင်း တိုက်စစ်မှူး ဂရစ်ဇ်မန်းသည် ပရိုကစားသမားဘဝတစ်လျှောက် ကလပ်သွင်းဂိုး ၃၀၀ ပြည့်မြောက်သည့် စံချိန်မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ တိုက်စစ်မှူးသည် မေဂျာလိဂ်ပွဲစဉ်အဖြစ် အော်လန်ဒိုစီးတီးအသင်းက ဆန်ဂျိုဆေးအသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဂရစ်ဇ်မန်းသည် ပရိုကစားသမားဘဝတစ်လျှောက်တွင် ဆိုစီဒက်၊ အက်သလက်တီကိုမက်ဒရစ်၊ ဘာစီလိုနာ၊ ယခု အော်လန်ဒိုစီးတီးအသင်းတို့တွင် ကစားပြီး သွင်းဂိုး ၃၀၀ ပြည့်မြောက်ခဲ့ခြင်း ဖြစ်သည်။

အသက်(၃၅)နှစ်အရွယ်ရှိ ဂရစ်ဇ်မန်းက "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ် ယခုလို မှတ်တမ်းတွေအပြင် အော်လန်ဒိုစီးတီးအသင်းနဲ့အတူ အောင်မြင်မှုတွေ ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

(NGB)



## ဆီဗီလာအသင်းက ကော်ဒိုဘာအသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိ

**မက်ဒရစ် ဇူလိုင် ၂၅**

ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဆီဗီလာအသင်းနှင့် ကော်ဒိုဘာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆီဗီလာအသင်းက ကော်ဒိုဘာအသင်းကို ပင်နယ်တီအဆုံးအဖြတ် ငါးဂိုး၊ လေးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယခုပွဲစဉ်တွင် နှစ်သင်းစလုံး တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြသော်လည်း မိနစ် ၉၀ ပွဲစဉ်ပြီးဆုံးချိန်အထိ သွင်းဂိုးများ သွင်းယူနိုင်ခြင်းမရှိဘဲ ဂိုးမရှိသရေရရလဒ် ထွက်ပေါ်နေခဲ့ခြင်းကြောင့် ပင်နယ်တီအဆုံး အဖြတ်ခံယူခဲ့ရာ ဆီဗီလာအသင်းက ကော်ဒိုဘာအသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ **(အပေါ်ပုံ)**

ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် ဆီဗီလာအသင်းသည် လာမည့် ဇူလိုင် ၂၇ ရက်တွင် အေဒီစီယူတာအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (NGB)

## အဒီယီမီကို ဘာစီလိုနာအသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၂၅**

ဘာစီလိုနာအသင်းသည် ဒေါ့မွန်အသင်း တောင်ပံကစားသမား အဒီယီမီကို ယူရို သန်း ၃၀ ဝန်းကျင်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၃၁ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။


တောင်ပံကစားသမား အဒီယီမီသည် ဒေါ့မွန်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၆ ပွဲကစားပြီး ၃၆ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် တောင်ပံကစားသမား အဒီယီမီအနေဖြင့် လာမည့်ဘောလုံးရာသီသစ်တွင် ဘာစီလိုနာအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)**

(NGB)



## လူးကပ်စ်ဒါကွန်ဟာ ကိုမိုအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို




**တူရင် ဇူလိုင် ၂၅**

စီးရီးအေကလပ် ကိုမိုအသင်းသည် အသင်းကွင်းလယ် ကစားသမား လူးကပ်စ်ဒါကွန်ဟာကို ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ကိုမိုအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၈ ပွဲကစားပြီး ၁၉ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ကိုမိုအသင်း၏ ထုတ်ပြန်ချက်တွင် "လူးကပ်စ်ဒါကွန်ဟာကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ အသင်းအနေနဲ့လည်း စာချုပ်သက်တမ်း ကုန်ဆုံးတော့မည့် ကစားသမားတွေကို သက်တမ်းတိုးဖို့ ဆက်လက်လုပ်ဆောင်သွားမှာပါ" ဟု ထုတ်ပြန်သည်။

**(အပေါ်ဝဲပုံ)** (NGB)

## ဘောလုံးသတင်းအတိုအထွာများ

* အက်စတွန်ဗီလာအသင်းသည် ချဲလ်ဆီးအသင်း တောင်ပံတိုက်စစ်ကစားသမား ဂါနာချိုကို အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ကြေညာခဲ့သည်။

* ပရီးမီးယားလိဂ်ထိပ်သီးကလပ် အာဆင်နယ်အသင်းသည် ကလပ်ဘရူဂေးအသင်း တောင်ပံကစားသမား တီဇိုလစ်ကို ၂၀၃၁ ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့သည်။

(NGB)



## 2026 Axeria Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ဇူလိုင် ၂၇ ရက်တွင် စတင်မည်

**လန်ဒန် ဇူလိုင် ၂၅**

ရိုမေးနီးယားနိုင်ငံတွင် ကျင်းပဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Axeria Open တင်းနစ်ပြိုင်ပွဲကို လာမည့် ဇူလိုင် ၂၇ ရက်တွင် စတင်သွားမည်ဖြစ်သည်။ **(အပေါ်ပုံ)**

အဆိုပါ 2026 Axeria Open တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၃ ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Axeria Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

2026 Axeria Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဖြစ်သောသူသည် ဆုကြေးငွေအဖြစ် အမေရိကန် ဒေါ်လာ ၁၁၅၀၀၀ ရရှိသွားမည်ဖြစ်သည်။

(NGB)

## အဲလစ်စ်ဆွမ်ဘတ်ကို စပါးအမျိုးသမီးအသင်း ခေါ်ယူ

**လန်ဒန် ဇူလိုင် ၂၅**

စပါးအမျိုးသမီးအသင်းသည် လိုင်ယွန်အမျိုးသမီးအသင်း နောက်ခံကစားသမား အဲလစ်စ်ဆွမ်ဘတ်ကို ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် လိုင်ယွန်အမျိုးသမီးအသင်းနှင့်အတူ ၂၀၂၁ မှ ၂၀၂၆ ခုနှစ်အထိ လိဂ်ပွဲစဉ် ၇၁ပွဲကစားပြီး နှစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပါးအမျိုးသမီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။




အသက်(၂၂)နှစ်အရွယ်ရှိ အဲလစ်စ်ဆွမ်ဘတ်က "ကျွန်မ စပါးအမျိုးသမီးအသင်းကို ရောက်ရှိခဲ့ပါပြီ။ နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ပရီးမီးယားလိဂ်မှာ ကစားချင်တဲ့ ကျွန်မရဲ့ အိပ်မက်တွေလည်း ပြီးပြည့်စုံခဲ့ပါပြီ" ဟု ပြောသည်။

**(ဝဲပုံ)**

(NGB)

## ဗန်ဘွန်မဲလ်ကို နည်းပြသစ်အဖြစ် ဘယ်လ်ဂျီယံအသင်း ခန့်အပ်

**လန်ဒန် ဇူလိုင် ၂၅**

ဘယ်လ်ဂျီယံအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဗန်ဘွန်မဲလ်ကို ခန့်အပ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ဘယ်လ်ဂျီယံအသင်းနှင့်အတူ ၂၀၂၈ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

နည်းပြ ဗန်ဘွန်မဲလ်သည် နည်းပြဘဝတစ်လျှောက်တွင် ပီအက်စ်ဗွီ၊ ဝုဖ်ဘတ်၊ အန့်ဝပ်စသည့်အသင်းများကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ဘယ်လ်ဂျီယံအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

အသက်(၄၉)နှစ်အရွယ်ရှိ ဗန်ဘွန်မဲလ်က "ဘယ်လ်ဂျီယံအသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ဝမ်းသာမိပါတယ်။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေ ရရှိအောင်လည်း ကြိုးစားသွားမှာပါ" ဟု ပြောသည်။

(NGB)





## မန္တလေးရှေ့နေအသင်း ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးရှေ့နေများ ကန်တော့ပွဲကျင်းပ

**မန္တလေး ဇူလိုင် ၂၅**

မန္တလေး ချမ်းအေးသာစံမြို့နယ် ၃၁လမ်းနှင့်၃၂လမ်းကြား၊ ၆၈လမ်းရှိ မဟာဝိဇိတာရုံကျောင်း၌ ဇူလိုင် ၂၅ ရက် နံနက် ၈ နာရီတွင် မန္တလေးရှေ့နေအသင်းမှ ဧကာဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးရှေ့နေများ ကန်တော့ပွဲ ကျင်းပရာ မန္တလေးရှေ့နေအသင်း ဥက္ကဋ္ဌ တရားလွှတ်တော်ရှေ့နေ ဦးဝမ်းမောင်၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်ဆောင်၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးအောင်ငွေ၊ အတွင်းရေးမှူး ဦးမောင်မောင်ဟိန်း၊ တွဲဖက်အတွင်းရေးမှူး ဦးဉာဏ်ထွန်း၊ ဒေါ်ခင်မာလွင်၊ ဘဏ္ဍာရေးမှူး ဦးလှနွယ်၊ စာရင်းစစ် ဦးစိုးမိုးထိုက်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ တရားလွှတ်တော်ရှေ့နေများ၊ အထက်တန်းရှေ့နေများ၊ အလုပ်သင်ရှေ့နေများ တက်ရောက်ကြသည်။

ရှေးဦးစွာ မဟာဝိဇိတာရုံကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဃာနိက အမှူးပြုသော သံဃာတော်များထံ မန္တလေးရှေ့နေကြီးများက ငါးပါးသီလခံယူ၍ ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ရာ ဆရာတော်ကြီးက ဝါဆိုသင်္ကန်းကပ်လှူရသည့် အကျိုးတရားများကို ဟောကြား၍ ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။

ဆက်လက်၍ သက်ကြီးရှေ့နေများ ကန်တော့ပွဲကျင်းပခဲ့ရာ အခမ်းအနားမှူးအဖြစ် တရားလွှတ်တော်ရှေ့နေ ဦးစိုးမိုးထိုက်က အခမ်းအနားအစီအစဉ်ကြေညာခဲ့ပြီး မန္တလေးရှေ့နေအသင်းဥက္ကဋ္ဌ ဦးဝမ်းမောင်က အဖွင့်အမှာစကားနှင့် ကျေးဇူးတင်စကားပြောကြားကာ ကန်တော့ခံသက်ကြီးရှေ့နေကြီးများအား ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ခဲ့ပြီး ကန်တော့ခံရှေ့နေကြီး ဦးထွန်းအောင်ကျော်က တက်ရောက်လာကြသည့် ရှေ့နေများအား ဩဝါဒစကားနှင့် ဆုတောင်းမေတ္တာပေးပို့ခဲ့ကြောင်း၊ ကန်တော့ခံသက်ကြီးရှေ့နေ ၄၅ ဦးအား တစ်ဦးလျှင် ငွေကျပ်သုံးသိန်းဖြင့် ပူဇော်ခဲ့ကြပြီး အခမ်းအနားပြီးဆုံးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

(ဝ၄၇)

## တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရှေးဟောင်းသုတေသနအဖွဲ့နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန သုတေသနဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိ

**ညောင်ဦး ဇူလိုင် ၂၅**

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ၌ ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်အား(၆ ဒသမ ၈)ရစ်ချ်တာစကေးဖြင့် လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သည့်သဗ္ဗညုဘုရား၏ ပျက်စီးမှုများပြန်လည်ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ၂၀၁၇ ခုနှစ်၊ မေ ၂၅ ရက်တွင် ဆွေးနွေးမှုသဘောတူညီချက်(MOM)နှင့် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၂၂ ရက်တွင် နားလည်မှုစာချွန်လွှာ (MOU) များ ရေးထိုးခဲ့သည်။

နားလည်မှုစာချွန်လွှာရေးထိုးရခြင်း ရည်ရွယ်ချက်သည် သဗ္ဗညုဘုရား ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်း ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်၊ ပုဂံခေတ်ကတည်းက တည်ဆောက်ခဲ့သော တည်ဆောက်မှု ဗိသုကာ အတတ်ပညာနှင့် ရှေးခေတ်ကာလ၏ အဆောက်အအုံအစိတ်အပိုင်း အကြွင်းအကျန် ကျန်ရှိမှုကို လေ့လာဖော်ထုတ်ရန်၊ သဗ္ဗညုဘုရား၏ မဟာရံတံတိုင်း၊ရင်ပြင်တံတိုင်းများကို ရှာဖွေဖော်ထုတ်ရန်၊ မြောက်ဘက်မုခ် တံခါးအပြင် အခြားသောတံခါးများ ရှိ၊ မရှိ လေ့လာနိုင်ရန် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

သဘောတူဆွေးနွေးမှုများအပြီး တရုတ်နိုင်ငံ ရှေးဟောင်းသုတေသနအဖွဲ့နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲမှ သုတေသနဝန်ထမ်းများသည် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလနှင့် မေလတို့တွင် ဘုရား၏ မြောက်ဘက်နှင့် အနောက်ဘက်တို့တွင် စမ်းသပ်ကျင်းများ တူးဖော်ခဲ့ကြသည်။

ဆက်လက်၍ ၂၀၂၃ ခုနှစ်၊ ဇွန်လနှင့် ဇူလိုင်လတို့တွင် သုံးကြိမ်တိုင်တိုင် တူးဖော်သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ သဗ္ဗညုဂူဘုရားကြီး၏ အနောက်မြောက်ထောင့်နေရာတွင် မဟာရံတံတိုင်းထောင့်ချိုးနှင့် အရှေ့အနောက်တန်းနေသော အုတ်တံတိုင်းအလွှာ၊ အုတ်များစီထားသော အဆောက်အအုံ၏အစိတ်အပိုင်း၊ အဆောက်အအုံ၏နံရံဟုယူဆရသော အုတ်လွှာ ၂၀ လွှာပါ အုတ်နံရံ၊ သဲကျောက်ခြေကျော်တုံးများ၊ အုတ်ကြမ်းခင်းနှင့် အမိုးအုတ်ကြွပ်ပြားများ၊ အုတ်လွှာ ၆ လွှာပါ တောင်မြောက်တန်းလျက်ရှိသော အုတ်တန်းတို့ကို တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့သည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လမှစတင်၍ သဗ္ဗညုဘုရား၏အနောက်တောင်ဘက်၊ တောင်ဘက်နှင့် အနောက်ဘက်တို့တွင် မဟာရံတံတိုင်းတူးဖော်ခြင်းနှင့် တံတိုင်းအဝင်မုခ် တူးဖော်သုတေသနလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၈၁)



## နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**မန္တလေး ဇူလိုင် ၂၅**

မန္တလေး ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက် ၂၇လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြားရှိ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းတွင် ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီတွင် ချမ်းအေးသာစံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ လ/ထမြို့နယ်မှူး ဦးအေးဆွေနှင့် တိုက်နယ်မှူးများက အသက် ၁၀နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရန်အတွက် ပုံစံများ ဖြည့်စွက်ခြင်း၊ လက်ဗွေနှိပ်ခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

အသက် ၁၀ နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စုစုခိုင်နှင့် ဆရာ၊ ဆရာမများ၊ စိတ္တရမဟီရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသိန်းနှင့် ရာအိမ်မှူးများက လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** (ဝ၄၇)

## ပင်းတယမြို့၌ ၂၀၂၆ ခုနှစ် မိုးရာသီပန်းအလှပင်များ စိုက်ပျိုးပွဲကျင်းပ

**ပင်းတယ ဇူလိုင် ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့လယ်ရှိ ရှေးဟောင်းသမိုင်းဝင် နာဂမိဌာန်ပုန်းတလုတ်နတ်ရေကန်ပေါင်ပေါ်၌ ၂၀၂၆ ခုနှစ် မိုးရာသီပန်းအလှပင်များ စိုက်ပျိုးပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနား၌ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာန မြို့နယ်စည်ပင်သာယာရေးဌာနမှ စီမံဆောင်ရွက်ပေးသည့် တပေဘူတ၊ စိန်ပန်းပြာ၊ စိန်ပန်းနီ၊ ချယ်ရီ စသည့် မိုးရာသီ အလှပန်းပျိုးပင်ငယ်များအား ဓနုဒေသဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသော(စီးပွား၊ ဘဏ္ဍာ) ဦးဟိန်းထက်ဇော်၊ (စီမံ)ဦးသိန်းသန်းထွန်း၊ (လူမှု၊ အထွေထွေ)ဦးအောင်ပြည့်စုံ၊ (လုံခြုံ) ဒုတိယဗိုလ်မှူးကြီး မောင်မောင်ငြိမ်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိန်လင်းအောင်တို့က ပေးအပ်ရာ မြို့မိ၊ မြို့ဖကိုယ်စားပြု ဦးမောင်လေးနှင့် အဖွဲ့ဝင်များက လက်ခံရယူခဲ့ကြသည်။ **(အောက်ပုံ)**

ထို့နောက် ဓနုဒေသ၊ ပင်းတယမြို့နယ် ဂုဏ်ဆောင် ရှေးဟောင်းသမိုင်းဝင် နာဂမိဌာန်ပုန်းတလုတ် နတ်ရေကန် ပတ်ပတ်လည်နှင့် သရဖီလမ်းမဘေး မြေနေရာများ၌ အလှဆင်စိုက်ပျိုးမည့် တပေဘူတ ပျိုးပင်ငယ်ပင် ၃၅၀ အား ဓနုဒေသဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိ၊ မြို့ဖများ၊ ကျောင်းသား၊ ကျောင်းသူများက ပူးပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

(၃၃၈)



## ကျောက်ဆည်မြို့နယ်၌ မိုးစပါး ၁၁၂၄၇ ဧက စိုက်ပျိုးပြီးဖြစ်

**ကျောက်ဆည် ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ ဒေသတွင်းဆန်စပါး ဖူလုံပိုလျှံရေး ဒေသနှင့်ကိုက်ညီသည့် မနော်သုခ၊ ရွှေမနော်၊ အောင်နိုင်တိုး၊ ဆင်းသုခ၊ ဧရာမင်း၊ GW-11၊ GW-18 စပါးမျိုးများကို အမျိုးသားစီမံကိန်းအဖြစ် ၂၀၂၆-၂၀၂၇ ခုနှစ်တွင် မိုးစပါး ၅၂၈၁၇ ဧက လျာထားစိုက်ပျိုးလျက်ရှိရာ ယနေ့အချိန်တွင် ၁၁၂၄၇ ဧက စိုက်ပျိုးပြီးဖြစ်သည်။

မိုးစပါးများ စိုက်ပျိုးရာ၌ စမာ စိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ တန်းဆွဲတိုက်ရိုက် အစေ့ချ ၉၅ ဧက၊ ကြဲပက် ၅၈၁ ဧက၊ တမုတ်စိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ တန်းဆွဲတိုက်ရိုက်အစေ့ချ ၂၁၆၁ ဧက၊ ပျိုးထောင်စိုက် ၁၆၃ ဧက၊ မင်းရဲ စိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ တန်းဆွဲတိုက်ရိုက် အစေ့ချ ၆၆၇ ဧက၊ ကြဲပက် ၁၁၇ ဧက၊ ပျိုးထောင်စိုက်၂၇၅ ဧက၊ သင်းတွဲစိုက်ပျိုးရေး နည်းပညာပေး ရှေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ တန်းဆွဲတိုက်ရိုက်အစေ့ချ ၂၅၆၉ ဧက၊ ထုံးကြီး စိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ တန်းဆွဲတိုက်ရိုက် အစေ့ချ ၂၄၇၈ ဧက၊ သင်းဒီး စိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ တန်းဆွဲတိုက်ရိုက် အစေ့ချ ၉၈၄ ဧက၊ ကြဲပက် ၆၄၃ ဧက၊ ပျိုးထောင်စိုက် ၅၁၄ ဧက စုစုပေါင်း ၁၁၂၄၇ဧက စိုက်ပျိုးပြီးကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဇော်ဂျီဆည်နှင့် ကင်းတားဆည်တို့မှ စမာ၊ တမုတ်၊ မင်းရဲ၊ သင်းတွဲ၊ ထုံးကြီး၊ သင်းဒီး မြောင်းရေများဖြင့် စိုက်ပျိုးရေများ ပေးဝေလျက်ရှိကြောင်း သိရသည်။

(၄၈၅)

**သင့်အသက်အန္တရာယ်ကာကွယ်ရန်အတွက် ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းပြီး မေးသိုင်းကြိုး သေချာစွာ တပ်ပါ။**

# စကားပြောသောထန်းပင်များ

တနင်္ဂနွေနေ့ မဟုတ်သောကြောင့် နန်းရှေ့စာပေဝိုင်းကလေးသည် တည်ငြိမ်အေးဆေးနေ၏။ သို့သော်လည်း ပင်တိုင်စာရေးဆရာများဖြစ်ကြသည့် ဆရာ ဝင်းပေါ်ဦး(နန်းရှေ့)၊ ဆရာ သပြေစမ်း၊ ဆရာအောင်တင်ဝင်း (ငါ့သရောက်)နှင့် ဆရာ ပန်းသပြေတို့မှာတော့ စကားကောင်းနေကြ၏။ ပဲ့ကိုင်ရှင် ဆရာအောင်တင်ဝင်း (ငါ့သရောက်) ပြောသောစကားကို တသောသော၊ တဝေါဝေါဖြင့် ထောက်ခံကြရင်း ရေနွေးကြမ်းဝိုင်းလေးမှာ စည်ကားတက်ကြွနေ၏။ ဆရာအောင်တင်ဝင်း ပြောသော ဗဟုသုတရဖွယ် စကားများမှာ ညောင်ဦးမြို့နယ်မှ "စကားပြောသောထန်းပင်များ"အကြောင်းပင် ဖြစ်၏။

တစ်ခါသောနေ့တစ်နေ့တွင် ဆရာအောင်တင်ဝင်း တစ်ယောက် ဇာတိမြို့ကလေးဖြစ်သော ညောင်ဦးနယ်၊ ငါ့သရောက်သို့ ပြန်ခဲ့၏။ ထိုအခါ "စကားပြောသောထန်းပင်များ" ကို ကိုယ်တိုင်ကိုယ်ကျ တွေ့ခဲ့ရလေတော့သတည်း။ ငါ့သရောက်ဒေသကလေးသည် အညာဒေသဖြစ်သည့်အားလျော်စွာ ထန်းပင်၊ထန်းတောများနှင့် သာယာလှပ၏။ ထန်းပင်များကို စီးပွားဖြစ် ယာတောတစ်ခုလုံးကို စိုက်ပျိုးထားကြ၏။ အချို့မှာ မိမိ၏ ယာခင်းစည်းရိုးတွင် အစီအရီ တန်းစီ စိုက်ပျိုးကြ၏။ ဦးထွန်းကြိုင်သည် မိမိယာကွက်နှစ်ကွက်ကြားတွင် ထန်းပင် ၁၀ ပင်ကို တောင်မြောက် စီတန်း၍ စိုက်ပျိုးထား၏။ အရှည်ဆုံးထန်းပင်ကို "လောရှည်"ဟု နာမည်ပေးထားပြီး အပုဆုံးထန်းပင်ကိုမူ "ဂျပု" ဟု နာမည်ပေးထား၏။ ဦးထွန်းကြိုင် ကွယ်လွန်သောအခါ အရှေ့ဘက်ခြမ်း မြေပဲခင်းယာကွက်ကြီးအား သားကြီး ဦးကျော်မင်းက အမွေရခဲ့၏။ အနောက်ဘက်ခြမ်း နှမ်းခင်းယာကြီးမှာကား သားငယ် ဦးကျော်လင်းက အမွေ ရရှိခဲ့၏။ နောင်နှစ်ပေါင်း အတန်ငယ်ကြာလတ်သောအခါ ဦးကျော်လင်း၏ နှမ်းခင်းယာကွက်ကြီးသည် အကြောင်းအမျိုးမျိုးကြောင့် တစ်ရွာတည်းနေ သူဌေးကြီး ဦးညွန့်လှိုင် ပိုင်ဆိုင်ခဲ့ရလေတော့၏။ ဦးညွန့်လှိုင်သည် မြေပိုင်၊ယာပိုင်၊ ကားပိုင် တောသူဌေးတစ်ဦး ဖြစ်၏။

"ကိုကြီး လောရှည် ခုတလော ဦးညွန့်လှိုင်ကြီးတစ်ယောက် ယာခင်းဘက်လာတာ မတွေ့မိပါလားဗျ" အရှည်ဆုံးထန်းပင်ကြီးအား သူ့အနီးရှိ ပုတိုတိုထန်းပင်လေးက စုံစမ်းသောစကားတစ်ခွန်းကို ဆိုလိုက်၏။

"ဟေ့ကောင် ဂျပု၊ မင်း ဒီအကြောင်းတွေကို မသိသေးဘူးလားဘဲ။ အဲ့ဒီသူဌေးကြီး ဦးညွန့်လှိုင်နဲ့ မြေပဲခင်းရှင် ဦးကျော်မင်းကြီးတို့ ပွက်စိပွက်စိဆူဆူညံညံ ရန်ဖြစ်ကြတယ်ဆိုပဲကွ။"

"ဟောဗျာ… ယာခင်းနီးနားတွေပဲဟာ ဘာဖြစ်ကြတာလဲဗျာ"

"သိပါဘူးကွာ … ငါ့ကို ကျီးမဲပြောပြတာကတော့ တို့ ၁၀ ပင်နဲ့ပတ်သက်ပြီး ရန်ဖြစ်ကြတာတဲ့"

"ဟင်း တို့ဟာ တို့ တောထဲမှာ အေးအေးဆေးဆေးနေကြတာတောင်မှ အမှုထဲမှာ ပါနေပါလားကွယ်တို့။ အဲ့ဒီတော့ ဘာဆက်ဖြစ်ကြသေးလဲဗျ ကိုကြီးလောရှည်ရာ ပြောပြပါဦး"

"တို့ ၁၀ ပင်ကို သူရထိုက်တယ်၊ ငါရထိုက်တယ်နဲ့ ပိုင်ဆိုင်မှုကို ငြင်းခုန်ကြရင်း ခုဆို ဦးညွန့်လှိုင်ကြီးက ဦးကျော်မင်းကို မြို့နယ်တရားရုံးမှာ တရားစွဲဆို တိုင်ကြားထားပြီတဲ့ကွာ"

ဤသို့ဖြင့် နေ့ကို လစား၊ လကို နှစ်စားပြီး ကာလအတော်အတန်ပင် ကြာသွားခဲ့လေ၏။

"ကိုကြီးလောရှည် … ဟိုကောင်ကျီးမဲ ဘာတွေလာပြောသွားတာလဲဗျ၊ နာရီတစ်ပတ်ခွဲတောင်ကြာပြီး ခုနတင် ပြန်သွားတာတွေ့လိုက်တယ်"

"ဦးညွန့်လှိုင်ကြီးတို့၊ ဦးကျော်မင်းတို့အကြောင်း လာပြောသွားတာပါ ဂျပုရာ။ ဦးညွန့်လှိုင်ကြီးမှာ ကားမရှိတော့ဘူးတဲ့ကွ။ အမဖြစ်တယ်ဆိုတော့ ဟိုပေးရ‥ ဒီပေးရနဲ့ နောက်ဆုံးတော့ ပိုက်ဆံသောက်သောက်လဲကို ကုန်တယ်ဆိုပဲ။ ခုဆိုရင် ကားရောင်းလိုက် ရပြီတဲ့"

"အဲ့ဒါဆိုရင် ဦးကျော်မင်းကြီးကရော"

"သူလည်း ဘာထူးမှာလဲဗျာ ဂျပုရာ … ရွာတောင်ဘက် တမာပင်ယာတောကြီးကို ဒေါ်လုံးစိန်လက်ထဲ အပ်လိုက်ရပြီတဲ့ကွ"

"ဟောဗျာ"

နာရီလက်တံလေးများ တရွေ့ရွေ့၊ တလှုပ်လှုပ်သွားနေကြသလို နွေမှသည် မိုး၊ မိုးမှသည် ဆောင်းနှစ်ပေါင်းများစွာ ကြာလာခဲ့၏။ ထန်း ၁၀ ပင် အမှုသည် မြို့နယ်တွင် ဦးညွန့်လှိုင်က အနိုင်ရခဲ့သည်ဖြစ်၍ ဦးကျော်မင်းက ခရိုင်တက်ခဲ့၏။ ခရိုင်တွင် ဦးကျော်မင်းက အနိုင်ရသွားပြန်သည်၊ မကြာခင်ပင် ဦးညွန့်လှိုင်က တိုင်းတရားရုံးသို့ တက်ခဲ့ပြန်၏။

"အခြေအနေက ဘယ်လိုဖြစ်သွားကြလဲဟင် ကိုကြီးလောရှည်"

"ပွဲကတော့ ကြမ်းသလား၊ ရမ်းသလား မမေးနဲ့ မောင်ရေ၊ ဦးညွန့်လှိုင်ကြီးက ခရိုင်မှာရှုံးတော့ တိုင်းကို တက်တိုင်တာပေါ့ကွာ။ တိုင်းမှာ ရောက်တော့ ဇာတ်လိုက်မင်းသား ရှေ့နေကြီးက ထွန်းလှဟိုတယ်မှာ တည်းတာတဲ့မောင်။ သွားတာလာတာ၊ စားတာသောက်တာ တကယ့်ထိပ်တန်းတွေချည်းပဲတဲ့ကွ"

"အဲ့သလောက်ကတော့ ဦးညွန့်လှိုင်ကြီးက ထုတ်နိုင်ပါတယ်။ ဒါနဲ့ အမှုက ဘယ်လိုဖြစ်သွားတာလဲ"

"နောက်ဆုံးတော့ "ကျော်ဟိန်းက ကျော်ဟိန်းပါပဲ"ကွာ ဦးညွန့်လှိုင်ကြီးပဲ နိုင်သွားတာပေါ့။"

"ဟင် ဒါဆိုရင် ဦးကျော်မင်းကြီးက ဗဟိုတရားရုံးကို တက်ပြီး မဆိုင်ဘူးလားဗျ"

"မဆိုင်တော့ပါဘူး ဂျပုရာ … အဲ့ဒီမြေပဲခင်းယာကွက်ကြီးလည်း ကုန်သွားပြီ။ ဦးကျော်မင်းကို မဆိုထားနဲ့ဦး … ဦးညွန့်လှိုင်ကြီးတောင်မှ အခွံပဲ ကျန်တော့တယ်တဲ့ မောင်ရေ"

"အေးဗျာ … သူ့ ၁၀ ဘီးကားကြီးနဲ့မြောလိုက်တာ ကျုပ်တို့ ၁၀ ပင်ရဲ့ တန်ဖိုးက သူ့ကားတာယာဖိုးတောင်မှ မရှိဘူး"

"ဒါပေါ့ကွာ … မာနဆိုတာ သိပ်ကြောက်စရာကောင်းတယ်ကွ။ မာန်မာနဆိုတာ မိမိကိုယ်မိမိ ထောင်လွှားခြင်း၊ အသာစီးရလိုခြင်း၊ မိမိကိုယ်မိမိ အထင်ကြီးခြင်းကို ဆိုလိုတာပေါ့"

"စိတ်ကို ပူလောင်စေတတ်တဲ့" စေတသိက် "တစ်ခုပေါ့နော် ကိုကြီးလောရှည်"

"အေး ဒါပေါ့ကွာ … အကုသိုလ်တရားပဲပေါ့။ အကြမ်းအားဖြင့် မာန်မာနကို သုံးမျိုး ခွဲကြည့်မယ်ဆိုရင်

ငါဟာ သူတစ်ပါးထက် သာတယ်

ထင်မှတ်တဲ့ (သေယျမာန) လို့ခေါ်တဲ့ တက်ကြွသောမာန၊

ငါဟာ သူနဲ့ တန်းတူဖြစ်တယ်

ထင်မှတ်တဲ့ (သဒိသမာန) လို့ခေါ်တဲ့ အလျှော့မပေးတဲ့မာန၊

ငါက ဆင်းရဲပေမယ့် ဘယ်သူ့မှ ဂရုစိုက်စရာမလိုဘူးလို့ မှတ်ယူတဲ့ (ဟီနမာန)လို့ခေါ်တဲ့ စိတ်ခက်ထန်တဲ့မာနတွေပေါ့ကွာ"

"မာန်မာနကလည်း ကြောက်စရာကြီးပဲနော်။ မရှိတော့လည်း မရှိလို့၊ ရှိတော့လည်း ရှိလို့"

"နောက်ထပ် မာန်မာနဖြစ်ရခြင်း အကြောင်း(၉)မျိုး ရှိသေးတယ်ကွ။

ဇာတိမာန = အမျိုးမြတ်သည်ဟု မာန်တက်ခြင်း

ဂေါတ္တမာန = တန်ခိုးအာဏာ ရှိသည်ဟု မာန်တက်ခြင်း

ဂုဏ်မာန = ဂုဏ်သတင်းကျော်ဇောသည်ဟု မာန်တက်ခြင်း

ဓနမာန = ချမ်းသာကြွယ်ဝသည်ဟု မာန်တက်ခြင်း

ဝဏ္ဏမာန = ရုပ်ရည်လှပသည်ဟု မာန်တက်ခြင်း

သုတမာန = အသိပညာဗဟုသုတကြွယ်ဝသည်ဟု မာန်တက်ခြင်း

ပဋိဘာနမာန = စကားပြောကောင်းသည် ဉာဏ်ကောင်းသည်ဟု မာန်တက်ခြင်း

ဣဿရိယမာန = အကြီးအကဲအစိုးရလို့ မာန်တက်ခြင်း

လာဘမာန = လာဘ်လာဘပေါများခြင်းကြောင့် မာန်တက်ခြင်းဆိုတဲ့ (၉)မျိုးပေါ့ကွာ"

"ဒီမာနတွေရဲ့ ဆိုးကျိုးတွေကို ပြောပြပါဦး ကိုကြီးလောရှည်ရာ"

"အေး… မာန်မာနတွေရဲ့ဆိုးကျိုးတွေကိုလည်း ပြောပြမှာပေါ့ကွာ" (အမှန်တရားကိုမမြင်နိုင်ခြင်း)တဲ့ မိမိကိုယ်ကို အမှန်တရားကို လက်မခံဘူးကွ။(မိတ်ဆွေရှားပါးခြင်း)တဲ့ အဟုတ်ကြီးထင်နေလို့ ထောင်လွှားသူကို သူတစ်ပါးအကြံပေးချက်နဲ့ ဘယ်သူကမှ မချစ်ခင်ကြဘူးကွ။ (အကုသိုလ်ပွားခြင်း)တဲ့ သူတစ်ပါးကိုနှိမ့်ချ ရိုင်းစိုင်းစော်ကားခြင်းတွေ ပြုတတ်တာပေါ့ကွာ။ (သံသရာဝဋ်ဆင်းရဲခြင်း)တဲ့ တဏှာမာနဒိဋ္ဌိဆိုတဲ့တရားတွေဟာ နိဗ္ဗာန်တံခါးကိုပိတ်ပြီး သံသရာမှာ နယ်ချဲ့နေရင်း အပါယ်ငရဲကို ရောက်နိုင်တယ်တဲ့ကွာ"

"အဲ့ဒီမာန်မာနတွေကို ဘယ်လို ချိုးနှိမ်ရမလဲဗျာ"

"မာန်မာနဆိုတာ အလွန်အမြစ်တွယ်တတ်တဲ့ တရားဖြစ်လို့ နှိမ်နင်းရတာ ခက်ခဲတယ်ကွ။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကတော့ နှိမ်နင်းနည်း(၄)မျိုး ပေးခဲ့ပါတယ်။

ငါဆိုတဲ့အတ္တဟာ တကယ်မရှိဘူး၊ ရုပ်နာမ်အစုသာဖြစ်တယ်။ တစ်နေ့ အိုနာသေသို့ရောက်မယ်လို့ ဆင်ခြင်ရမယ်တဲ့။

ဘုရားဂုဏ်တော်တွေကို အာရုံပြုပြီး မိမိကိုယ်ကို နှိမ့်ချနေရမယ်။ (နိဝါတ)ဆိုတဲ့ နှိမ့်ချခြင်းကို အမြဲကျင့်နေရမယ်တဲ့။

မိမိထက် နိမ့်ကျသူတွေကို ကူညီပြီး စိတ်ကို နူးညံ့အောင်ထားရမယ်တဲ့။ မရဏာနုဿတိဆိုတဲ့ သေခြင်းတရားကို အောက်မေ့နေပြီး နောက်ဆုံး မြေကြီးထဲရောက်မှာပဲလို့ ဆင်ခြင်နေရမယ်တဲ့"

"အလွန်ကောင်းတဲ့ တရားတွေပဲ ကိုကြီးလောရှည်ရာ"

"ဟေ့ကောင်ဂျပု … အချိန်လင့်ပြီကွ၊ ငါလည်း အိပ်ချင်ပြီ၊ မင်းလည်း အိပ်တော့ကွာ"

စန္ဒာလမင်းကြီးသည်ပင်လျှင် အနောက်ဂေါယာကျွန်းသို့ ယွန်းပေပြီတကား။

မြန္မာဉာဏ်ဝေ

## မိတ္ထီလာမြို့နယ်အတွင်း တပ်ဆင်အသုံးပြုနေသော အိမ်သုံးမီတာများ တရားမဝင်သုံးစွဲမှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

**မိတ္ထီလာ ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်အတွင်း တပ်ဆင်အသုံးပြုနေသော အိမ်သုံးမီတာများ တရားမဝင်သုံးစွဲမှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်ခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့သည်။

မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမင်းကို၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲလင်းကိုကိုနှင့် မီတာဖတ်စာရေးများ၊ လျှပ်စစ်ကျွမ်းကျင် ဝန်ထမ်းများက မြို့နယ်အတွင်း တပ်ဆင်အသုံးပြုနေသော လျှပ်စစ်မီတာများအား လျှပ်စစ်ဓာတ်အားသုံးစွဲသူများက မသမာသောနည်းများအသုံးပြု၍ တရားမဝင် သုံးစွဲမှု ရှိ၊ မရှိ အခြေအနေများ၊ SEAL ပြည့်စုံမှု ရှိ၊ မရှိခြင်းနှင့် ဓာတ်အားခပေးဆောင်ခြင်း ရှိ၊ မရှိတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ယာပုံ)

(၄၆၉)



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

# (၂၁၆)ကြိမ်မြောက် ဆွမ်းလောင်းလှူ

**မန္တလေး ဇူလိုင် ၂၅**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက် အကွက်(၈၀၆)၊ လမ်း၆၀နှင့် ၂၈B လမ်းထောင့်ရှိ ဆုံစည်းရာ အရဏ်ဆွမ်းကပ်နှင့်ဆွမ်းလောင်းအသင်း၏ (၂၁၆)ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲကို ယမန်နေ့ နံနက် ၅နာရီခွဲက အဆိုပါအသင်းရုံးရှေ့တွင် ကျင်းပရာ လေးပြင်လေးရပ်မှ ဆွမ်းခံကြွရောက်တော်မူကြသည့် သံဃာတော်များအား အသင်းဥက္ကဋ္ဌ ဦးအေးဆောင်၊ အတွင်းရေးမှူး ဦးမောင်မောင်လွင်နှင့်အသင်းဝင်လူငယ်မောင်မယ်များက အရဏ်ဆွမ်း ကြာဆံကြော်၊ ဆွမ်းနှင့် ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူ ခဲ့ကြသည်။

(၂၁၆)ကြိမ်မြောက် ဆွမ်းလောင်းလှူနိုင်ရေးအတွက် အလှူရှင်များဖြစ်ကြသော ဖခင်ကြီးဦးကိုးအောင်+မိခင်ကြီးဒေါ်ဝင်းဝင်းမြင့်တို့အားရည်စူး၍ မသီတာအောင်နှင့် သားတပည့်များမိသားစု၊ ကိုလှိုင်မြင့်(စတီးဆိုင်)မိသားစု၊ ကိုကျော်မျိုးထွန်း(ပတ္တမြားသုခ)မိသားစု၊ အောင်မြန်မာ လျှပ်စစ်မိသားစု၊ ဦးတင်ထွန်း+ဒေါ်ခင်ဝင်းကြည်(ရွှေဖားလေးခြံ)မိသားစု၊ ပွင့်ဖူး(သွားနှင့်ခံတွင်းဆေးခန်း) မိသားစု၊ ရှမ်းဌာနေ(စားသောက်ဆိုင်)မိသားစု၊ ကိုကျော်ကျော်+မတင်မမ(မြရောင်ခြည်ကဖေး)မိသားစု၊ ဆန်းဝင်းကြိုင်(စတီးဆိုင်)မိသားစု၊ မိဘနှစ်ပါးအားရည်စူး၍ ဒေါ်ခင်အုန်းမိသားစု၊ Ko Sai ရွှေပန်းတိမ်(၆၃)လမ်းမိသားစု၊ ကိုထိုက်+မမီးမီး (ရွှေတုံမဏီ) စံအိမ်မိသားစု၊ ကိုသက်မြတ်သူ+မမျိုးမျိုးအေး(မန်းစည်ပင်)မိသားစု၊ အေးချမ်းအောင်မြင် ရဲမွန်တောင်ကျောင်းဆရာတော်၊ ဆရာမကြီးဒေါ်နှင်းနှင်းမော်၊ (ညီမ)ဆရာမကြီး ဒေါ်နုနုရီ(CAE) ပညာရေးမိသားစုတို့က မ,တည်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



(အပေါ်ပုံ)

(ကဆ)

# ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု (ပထမအကြိမ်) အာဟာရကျွေးမွေး

**မြစ်သား ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာနေအောင်စိုး ဦးဆောင်၍ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန ကျန်းမာရေးဆရာမများက KG ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးမွေးခြင်းကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီမှစတင်၍ မြို့ပေါ် အခြေခံပညာကျောင်းများ၌ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု (ပထမအကြိမ်) အာဟာရကျွေးမွေးခဲ့သည်။

KG ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးမွေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာနေအောင်စိုး၊ မြို့နယ်မိခင်ကလေးကျန်းမာရေးဌာနမှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများ ပူးပေါင်းပြီး KG ကျောင်းသား၊ ကျောင်းသူများကို စနစ်တကျ လက်ဆေးနည်းများ၊ သွားခံတွင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးများကို လက်တွေ့ဆောင်ရွက်ပေးခဲ့ပြီး မြစ်သားမြို့ပေါ်ရှိ မြို့မ အ·ထ·က၊ ကျီတော်ကုန်း မူလွန်၊ ဘူတာ အ·မ·က၊ ရွှေသူဌေး အ·မ·က၊ ပေတော အ·မ·က၊ ညောင်ဝန်း အ·မ·က၊ မြို့မနောက် အ·မ·က ကျောင်းများမှ KG ကျောင်းသား၊ ကျောင်းသူ ၁၈၀ ဦးအား အာဟာရကျွေးမွေးခဲ့ကြောင်း သိရသည်။



(အောက်ပုံ)

ဝါဝါမြင့်(မြစ်သား)



# ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ (Talk Show)ဆောင်ရွက်

**မြို့သစ် ဇူလိုင် ၂၅**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကလေးအလုပ်သမားပပျောက်ရေးနှင့် ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအတွက် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ (Talk Show)ကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲ (Talk Show)တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိစွန်နှင့် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းနုဝေတို့က ကလေးအလုပ်သမားပပျောက်ရေးနှင့်ပတ်သက်သည့် ကလေးအလုပ်သမား၏အဓိပ္ပာယ်၊ ကလေးအလုပ်သမား၏ အသက်အရွယ်၊ ကလေးအလုပ်သမားများ၏ အလုပ်ချိန်ကန့်သတ်ချက်၊ ကလေးအလုပ်သမားဖြစ်ပေါ်လာရသည့် အကြောင်းအရင်း၊ ကလေးအလုပ်သမားပပျောက်ရေးနှင့်ပတ်သက်သည့် ရည်မှန်းချက်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ၊ ကလေးသူငယ်၏ အခွင့်အရေးဆုံးရှုံးနစ်နာခြင်းနှင့်ပတ်သက်၍ တိုင်ကြားနိုင်သည့်နေရာများကို အသိပညာပေးဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ဝင်းအိစွန်(ပြန်/ဆက်)

## ဂုဏ်ထိပ်

* အမြင့်အဆန်း မပင်ပန်း
ရွှင်လန်းအောင်ကွယ်
ခင်တန်းငယ်တောင်ရိုး
ဟိုတောင်အခြေ လျှိုမြောင်ခွေတော့
ညိုမှောင်ဝေ မိုးကယ်နှင့်
တိမ်ခိုးကနှောက်။


* အလျားအနံ ကမ်းကပါးယံ
အသွားအပြန်
တံတားခံ ဆောက်ကြတယ်
လျှောက်ပါစို့ကွာ
အလှမ်းမဝေး မန္တလေးရယ်သို့
လမ်းနံဘေးသာသည့်
ရှမ်းသွေးဌာနီ
သစ်မြေကောင်း မြစ်ရေချောင်း
ရစ်ခွေလောင်း ကြည်သည်တဲ့
နဒီငယ်က စီးလေတယ်
ခရီးစဉ် အပှာတ်လုပါဘိ
ကနုတ်တမျှ ရက္ခပန်းချီမှာ
ဒုဋ္ဌဝတီ မြစ်ဆီမဝေးပါဘု
ချစ်ကြည်ရေး မယိုင်မလဲအောင်ပ
ဂနိုင်ထဲ ပြတ်ရွှေ့တောင်မှာ
အထိုင်မြဲ မတ်၍ထောင်သည်မို့
နတ်ရေချဆောင် ပန်းတံတားပမာ
လမ်းရထား ဂုဏ်ထိပ်တဲ့ တိုင်းရင်းသားတို့ရေ။ ။

**ကဗျာဇော်ဝင်း(မရွှိမ)**

## တစ်ချက်တည်း ကျင်းဝင်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဖွံ့ဖြိုးသစ်ကုမ္ပဏီ ရေတံခွန်တောင်ဂေါက်ကွင်းတွင် ဇူလိုင် ၂၁ ရက် ညနေ ၃ နာရီက ဦးစောခိုင်သည် အတူကစားဖော်များဖြစ်ကြသော ဦးမြင့်ကျော်၊ ဦးတင်အောင်ဝင်း၊ ဦးခင်မောင်ဝင်း၊ ဦးဝင်းမြင့်တို့နှင့်အတူ ဂေါက်ရိုက်ကစားစဉ် (၁၅၂)ကိုက်ကွာဝေးသော ကျင်းအမှတ်(14)သို့ Titleist No-2 ဂေါက်သီးအား XXIO IRON-8 ဂေါက်တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားသဖြင့် ဦးစောခိုင်အား SWEETY HOME ကုမ္ပဏီမှ ငွေကျပ် ငါးသိန်းတန် ကူပွန်၊ Eitai လျှပ်စစ်လုပ်ငန်းကုမ္ပဏီမှ ငွေကျပ်ငါးသိန်း၊ Myanmar Casual Wear ကုမ္ပဏီမှ လက်ဆောင်ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။(ကဆ)

## မြို့တော်တစ်ခို သာစေလို ရေကို မဖြုန်းနှင့်။



## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၉)၊ ဦးပိုင်အမှတ်(၇၀)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဦးတင်ရွှေ အမည်ဖြင့် နှစ်(၃၀)ဂရန် ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်၏ (မြောက်ဘက်ခြမ်း)၊ အရှေ့အနောက်ပေ(၆၀)၊ တောင်မြောက်ပေ(၂၀)အကျယ်အဝန်းရှိသော ဂရန်မြေကွက်နှင့်တကွ ယင်းဂရန်မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိ စာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးကိုကိုကြီး(ဘ)ဦးကောင်းညွန့်(၉/နထက(နိုင်)၀၈၈၂၅၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ** –

**ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး(LL.B)** **ဦးဝေဖြိုးအောင်(LL.B)**
**(အထက်တန်းရှေ့နေများ)**
**(နန-၁၃/၄)၊ လမ်း(၆၀)၊ ၁၃၃လမ်းနှင့်၁၃၄လမ်းကြား၊ (၈)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၂၅၉၁၁၈၅၆၁၊ ၀၉-၉၄၈၀၀၀၀၃၉**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၃)၊ ဦးပိုင်အမှတ်(၁၃)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးရွှေမြ(ခ)ရွှေလှိုင် အမည်ဖြင့် နှစ်(၃၀)ဂရန် ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်၏(တောင်ဘက်အစွန်းဆုံးနှင့်ကပ်လျက် မြောက်ဘက်ခြမ်း)၊ အရှေ့အနောက်ပေ(၄၀)၊ တောင်မြောက်(၁၅)ပေ အကျယ်အဝန်းရှိ ဂရန်မြေအစိတ်အပိုင်းနှင့်တကွ ယင်းဂရန်မြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိ စာချုပ်ဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ပြုံးပြုံးဝင်း(ဘ)ဦးဝင်းမောင်(၅/မမတ(နိုင်)၀၉၇၉၁၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ** –

**ဦးသက်နိုင်စိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး(LL.B)** **ဦးဝေဖြိုးအောင်(LL.B)**
**(အထက်တန်းရှေ့နေများ)**
**(နန-၁၃/၄)၊ လမ်း(၆၀)၊ ၁၃၃လမ်းနှင့်၁၃၄လမ်းကြား၊ (၈)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁**

## ' ' သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း ' '

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၇)၊ ဦးပိုင်အမှတ်(၁၃)တွင် နေထိုင်သော ဦးမင်းမင်းသူ+ ဒေါ်ယဉ်ယဉ်အေးတို့၏ သားကြီးဖြစ်သူ မောင်ရဲမာန်အောင်(၉/ပကခ(နိုင်)၀၅၅၉၇၈)သည် မိဘနှစ်ပါး၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ နေ့စဉ်နှင့်အမျှ ကိုယ်ရောစိတ်ပါ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်၍ နေအိမ်ပေါ်မှ ဆင်းသွားပါသဖြင့် ဤကြေညာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ သို့ပါ၍ ၄င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ မိသားစုဝင်များနှင့် မသက်ဆိုင်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ကြေညာသူများ–

ဦးမင်းမင်းသူ (၉ /ပကခ(နိုင်)၀၁၂၈၈၄)

ဒေါ်ယဉ်ယဉ်အေး (၉ /ပသက(နိုင်)၀၀၂၅၃၉)

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၀)၊ ဦးပိုင်နံပါတ်(၅၉-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၁)ဧက အကျယ်အဝန်းရှိ ဦးသန်းအောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမျိုးဝင်း(ဘ)ဦးတင့်(၅/တဆန(နိုင်)၁၃၃၂၆၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** **ဦးဖြိုးသာခန့် (LL.B)** **ဦးစည်သူအောင် (LL.B)** **ဒေါ်သဲမို့မို့ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၀)၊ ဦးပိုင်နံပါတ်(၁၉)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးသော်ဇင်လင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးရွှေကို(ဘ)ဦးစံသိန်း(၈/ရစက(နိုင်)၁၃၄၇၁၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** **ဦးဖြိုးသာခန့် (LL.B)** **ဦးစည်သူအောင် (LL.B)** **ဒေါ်သဲမို့မို့ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၈)၊ ဦးပိုင်နံပါတ်(၅၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်စန်းစန်းရီနှင့် ဒေါ်သင်းသင်းကြည်တို့ ပူးတွဲအမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအာကာညီညီ(ဘ)ဦးညွန့်လွင်(၉/ပဥလ(နိုင်)၀၀၄၄၆၅)(၄င်း၏ကိုယ်စား ဒေါ်စိုးစိုး(ဘ)ဦးရန်လောတိုင်(၉/မကန(နိုင်)၀၇၉၅၄၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၂)၊ ဦးပိုင်နံပါတ်(၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိအမည်ပေါက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမျိုးဝင်း(ဘ)ဦးသောင်းငွေ(၉/မရမ(နိုင်)၀၃၁၈၇၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** **ဦးဖြိုးသာခန့် (LL.B)** **ဦးစည်သူအောင် (LL.B)** **ဒေါ်သဲမို့မို့ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ်(၇၅၂)၊ ဦးပိုင်အမှတ်(၆၇)မြေကွက်ပေါ်တွင် ဦးကျော်ကျော်ဝင်း(ပါ-၂)နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မကန(နိုင်)၀၅၁၄၉၂)က SS(၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ **ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်(၅၁၄/၂ )၊ ဦးပိုင်အမှတ်(၂၀၄-က)မြေကွက်ပေါ်တွင် ဒေါ်ခင်အုန်းမြင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၅/အတန(နိုင်)၀၆၂၅၆၄)က RC(၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်(A-၂)၊ ဦးပိုင်အမှတ်(၂-ည+၂ဋ) မြေကွက်ပေါ်တွင် ဒေါ်သီတာအေး(ပါ-၂) နိုင်ငံသား စိစစ်ရေးကတ်အမှတ် (၁၂/ပဇတ(နိုင်)၀၃၂၀၆၂)က RC(၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့် ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ရန်ကုန်-မန္တလေးပြေးဆွဲလျက်ရှိသည့် DEMU လူစီးအမြန်ရထားပေါ်တွင် အခြားသူများကို စိတ်ငြိုငြင်စေရန် ပြုမူပြောဆိုနေထိုင်ခြင်း၊ အရက်သေစာသောက်စားမူးယစ်ခြင်းများပြုလုပ်ခဲ့သူ အမျိုးသားသုံးဦးအား အမှုဖွင့်အရေးယူ

နေပြည်တော် ဇူလိုင် ၂၅

မြန်မာမီးရထားအနေဖြင့် ပြည်သူများ သက်သောင့်သက်သာ ဘေးကင်းလုံခြုံပြီး ဈေးနှုန်းသင့်တင့်စွာ သွားလာနိုင်ရေးအတွက် အဆင့်မြင့်ရထားတွဲဆိုင်းအသစ်များဖြင့် ခရီးစဉ်များကို ပြေးဆွဲပေးလျက်ရှိရာတွင် စည်းကမ်းမလိုက်နာသည့် ခရီးသည်အချို့ကြောင့် အခြားခရီးသည်များ စိတ်အနှောင့်အယှက်ကြုံတွေ့ရမှုများ ရှိသည့်အတွက် ရထားစီးခရီးသည်များအနေဖြင့် ခရီးစဉ်တစ်လျှောက် သန့်ရှင်းသပ်ရပ်ပြီး အခြားခရီးသည်များအတွက် အနှောင့်အယှက်မဖြစ်စေရန်နှင့် ရထားတွင်း သန့်ရှင်းမှုကို ထိန်းသိမ်းရန်၊ ကွမ်းတံတွေးထွေးခြင်းကို ရှောင်ကြဉ်ပေးရန်၊

စာမျက်နှာ ၁၀ သို့ ◆

## အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် လျှပ်စစ်အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးဆောင်ရွက်လျက်ရှိမှုကြောင့် ဒေသတွင်းလျှပ်စစ်ဓာတ်အားများ ပြန်လည်ရရှိ

နေပြည်တော် ဇူလိုင် ၂၅

အချို့သော နယ်မြေများတွင် PDF အမည်ခံသောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ပြည်သူလူထု၏ နေ့စဉ်ဘဝအတွက် များစွာအရေးပါသည့် လျှပ်စစ်ဓာတ်အားများကို ထုတ်လွှတ်ပေးလျက်ရှိသည့် လျှပ်စစ်အခြေခံအဆောက်အအုံများကို နည်းလမ်းပေါင်းစုံဖြင့် ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးလျက်ရှိကြသည်။ ထိုသို့လုပ်ဆောင်မှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် လျှပ်စစ် အခြေခံအဆောက်အအုံများ၊

စာမျက်နှာ ၁၀ သို့ ○



လားရှိုးမြို့ ၆၆ကေဗွီ ဓာတ်အားခွဲရုံနှင့် ၃၃ ကေဗွီ ဓာတ်အားခွဲရုံများ ပြုပြင်နေမှု မှတ်တမ်းဓာတ်ပုံ။

## ယာဉ်ရပ်နား(ကန့်သတ်)ကောက်ခံခွင့်၊ စက်ဘီး၊ ဆိုင်ကယ်၊ ကားအပ်နှံကောက်ခံခွင့် လုပ်ငန်းများကို ရှောင်တခင်ဝင်ရောက်စစ်ဆေး

မန္တလေး ဇူလိုင် ၂၅

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်သန့်ရှင်းရမည်၊ သာယာလှပရမည်၊ မြို့တော်နေလူထုစိတ်ချမ်းသာရမည်စသည့် ရည်ရွယ်ချက်များဖြင့် မြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဘဏ္ဍာငွေရရှိရန် အခွန်အခများကောက်ခံ၍ သုံးစွဲဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ (၆)မြို့နယ်တွင် ယာဉ်ရပ်နား(ကန့်သတ်)ကောက်ခံခွင့်၊ စက်ဘီး၊ ဆိုင်ကယ်၊ ကားအပ်နှံ ကောက်ခံခွင့်လုပ်ငန်းများကို လေလံခေါ်ယူပြီး သတ်မှတ်သည့်အချိန်တွင် တရားဝင်စာချုပ်နှင့်အညီ စည်းကမ်းချက်ပါအတိုင်းလေလံချထားဆောင်ရွက်လျက်ရှိရာ လက်ရှိပြည်သူများ တင်ပြချက်အရလည်း စည်းကမ်းဖောက်ဖျက်သူ လေလံရှင်များကို ကော်မတီမှ အရေးယူဆောင်ရွက်လျက်ရှိသည်။ (၆)မြို့နယ်တွင် အခွန်ဌာနမှ အရာရှိကိုယ်စားလှယ်တစ်ဦးစီဖြင့် သတ်မှတ်နှုန်းထားများအား ပိုမိမကောက်စေရန် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး ချမ်းအေးသာစံမြို့နယ်တွင် တာဝန်ခံအရာရှိ ဌာနစုမှူး ဦးဇင်မောင်စိုးက ဈေးချိုဇရိယာတွင် ယာဉ်အပ်နှံကောက်ခံခွင့်လုပ်ငန်းများ ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့ကြောင်း ပြောကြားသည်။



လေလံလုပ်ပိုင်ခွင့်တွင် ယာဉ်အပ်နှံကောက်ခံခွင့်လုပ်ငန်းနှင့် ယာဉ်ရပ်နား (ကန့်သတ်)ကောက်ခံခွင့်နှစ်မျိုးရှိပြီး ယာဉ်အပ်နှံကောက်ခံခွင့်တွင် ကား၊ ဆိုင်ကယ်၊ စက်ဘီးတို့ကို တစ်ကြိမ်လျှင်၊ ကား၊ မီနီအိုးဝေတို့ကို တစ်စီးလျှင်ရပ်နားကြေး ငွေကျပ်တစ်ထောင်နှုန်း၊ ဆိုင်ကယ်တစ်စီးရပ်နားကြေးငွေကျပ် ၆၀၀နှုန်းနှင့် စက်ဘီးတစ်စီးလျှင်ရပ်နားကြေးငွေကျပ် ၂၀၀ နှုန်းသတ်မှတ်ထားပြီး ယာဉ်ရပ်နား(ကန့်သတ်)ကောက်ခံခွင့်တွင် ကားတစ်စီး၊ တစ်နာရီငွေကျပ် ၄၀၀ နှုန်း၊ ဆိုင်ကယ်တစ်စီးတစ်နာရီ ငွေကျပ် ၂၀၀နှုန်းဖြင့် ကောက်ခံခွင့်ပြု၍ လေလံလုပ်ငန်းရှင်များအား လုပ်ပိုင်ခွင့်ပြုခဲ့ရာ အများပြည်သူများအနေဖြင့် သတ်မှတ်အခကြေးငွေကိုသာ ပေးဆောင်ရန်နှင့် သတ်မှတ်နှုန်းထားထက် ပိုမိုကောက်ခံခဲ့ပါက သတ်မှတ်ယာဉ်ရပ်နားရန်နေရာများတွင် အသိပေးဗီနိုင်းဆိုင်းဘုတ်များချိတ်ဆွဲထားသည့် အခွန်ဌာန ဖုန်းနံပါတ်များသို့လည်းကောင်း၊ MCDC Online Page များတွင်လည်းကောင်း အကြံပြုတိုင်ကြားနိုင်ကြောင်းနှင့် ချမ်းအေးသာစံမြို့နယ်တွင် ယာဉ်ရပ်နား(ကန့်သတ်)ကောက်ခံခွင့် ၁၁ နေရာ၊ ယာဉ်ရပ်နားအပ်နှံကောက်ခံခွင့် ၂၃ နေရာ စုစုပေါင်း ၃၄ နေရာဆောင်ရွက်လျက်ရှိပြီး ပထမအကြိမ်တွင် ရုံးသို့ခေါ်၍ သတိပေးလက်မှတ်ရေးထိုးခြင်း၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ်တွင် လေလံနှုန်း၏ သတ်မှတ်ရာခိုင်နှုန်းအလိုက် ဒဏ်ကြေးငွေပေးဆောင်အရေးယူဆောင်ရွက်ခြင်းနှင့် စတုတ္ထအကြိမ်တွင်လုပ်ပိုင်ခွင့်ပယ်ဖျက်ပြီး Black List စာရင်းသွင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ခံအရာရှိက ပြောကြားသည်။

ဆက်လက်၍ မဟာအောင်မြေမြို့နယ် မန်းမြို့ဈေး ယာဉ်ရပ်နားကောက်ခံခွင့် လုပ်ငန်းခွင်တွင် တာဝန်ခံအရာရှိ ဦးမင်းရဲထွန်းမှ စစ်ဆေးဆောင်ရွက်ရာတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို အထောက်အကူဖြစ်စေရန် လေလံလုပ်ငန်းဆောင်ရွက်ခြင်းအားဖြင့် အခွန်ငွေတိုးပွားစေရန်အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ၂၀၂၆ ခုနှစ်၊ ဧပြီ ၁ရက်မှစတင်၍ မဟာအောင်မြေမြို့နယ်တွင် ယာဉ်အပ်နှံကောက်ခံခွင့်နှင့် ယာဉ်ရပ်နား(ကန့်သတ်)ကောက်ခံခွင့်နေရာ ၄၅ နေရာခွင့်ပြုဆောင်ရွက်လျက်ရှိပြီး ကော်မတီအနေဖြင့် လေလံလုပ်ငန်းများစနစ်တကျရှိစေရန်အတွက် သတ်မှတ်နှုန်းထားထက် ပိုမိုကောက်ခံခြင်းမရှိစေရန် လေလံလုပ်ပိုင်ခွင့်ချထားပေးသည့် နေရာများတွင် သတ်မှတ်နှုန်းထားပါ ဗီနိုင်းစာသားများတပ်ဆင်ထားခြင်း၊ ရှောင်တခင်စစ်ဆေးခြင်း၊ အသွင်ယူစစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ရာ လေလံစည်းကမ်းဖောက်ဖျက်မှု ရှစ်နေရာအရေးယူဆောင်ရွက်ထားကြောင်းနှင့် အများပြည်သူများအနေဖြင့် သတ်မှတ်နှုန်းထားအတိုင်း ပေးဆောင်ကြပါရန်နှင့် ပိုမိုကောက်ခံခဲ့ပါက ပြေစာများ၊ ရုပ်သံဖိုင်များဖြင့် MCDC Website Page နှင့် အခွန်ဌာန ဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ကြောင်း တာဝန်ခံအရာရှိက ပြောကြားသည်။

ထို့နောက် ပြည်ကြီးတံခွန်မြို့နယ် စက်မှု(၁)ဈေးတွင် ယာဉ်အပ်နှံကောက်ခံခွင့် လေလံလုပ်ငန်းဆောင်ရွက်နေမှုကို အခွန်ဌာန ဌာနစုမှူး ဦးဝင်းထွန်းအောင်နှင့် တာဝန်ရှိသူများက ရှောင်တခင်စစ်ဆေးရာတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနမှ နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် အခွင့်အရေးအရပ်ရပ်ဆိုင်ရာ လေလံလုပ်ငန်းလုပ်ကိုင်ခွင့် စက်ဘီး၊ ဆိုင်ကယ်၊ ကား ယာဉ်အပ်နှံခကောက်ခံခွင့်၊ ယာဉ်ရပ်နားကန့်သတ်ကောက်ခံခွင့်များ သတ်မှတ်နှုန်းထားအတိုင်း

စာမျက်နှာ ၁၀ သို့ ✡

## ရန်ကုန်စီးတီးအသင်း ထိုင်းလေ့ကျင့်ရေးခြေစမ်းခရီးစဉ်အတွင်း ခြေစမ်းပွဲ (၉)ပွဲ ယှဉ်ပြိုင်ကစားမည်

ရန်ကုန် ဇူလိုင် ၂၅

၂၀၂၆-၂၀၂၇ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအကြို ထိုင်းနိုင်ငံသို့ သွားရောက်၍ လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် ရန်ကုန်စီးတီးအက်ဖ်စီအသင်းသည် ခရီးစဉ်အတွင်း ခြေစမ်းပွဲ (၉)ပွဲ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်ကလပ် ရန်ကုန်စီးတီးအသင်းသည် ထိုင်းနိုင်ငံတွင် တစ်လကြာ နေထိုင်လေ့ကျင့်သွားမည်ဟု ကလပ်အသင်းမှ သတင်းထုတ်ပြန်ထားခြင်းဖြစ်သည်။

ယင်းခရီးစဉ်အတွင်း ထိုင်းနိုင်ငံတွင် လာရောက်လေ့ကျင့်နေသည့် ဟောင်ကောင်ကလပ် ကစ်ချီအက်ဖ်စီအပါအဝင် ထိုင်းလိဂ်-၁၊ လိဂ်-၂၊ လိဂ်-၃ ကလပ်အသင်းများနှင့် ရာသီကြိုခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ရန်ကုန်စီးတီးအသင်းသည် ဇူလိုင် ၂၁ ရက်က ယှဉ်ပြိုင်ခဲ့သည့် ပထမဆုံးခြေစမ်းပွဲတွင် ထိုင်းလိဂ်-၃ ကလပ် Pluak Daeng United အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။ ထို့အတူ ထိုင်းလေ့ကျင့်ရေးခြေစမ်းခရီးစဉ်၏ ဒုတိယမြောက် ခြေစမ်းပွဲအဖြစ် ယနေ့ညနေ ၄ နာရီတွင် 889 Football Club ကွင်း၌ BFB Pattaya City FC (T-3) နှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့ပြီး တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင် ရရှိခဲ့သည်။

(NGB)

